www.dhammaransi.com

ဗုဒ္ဓသာသနာရေး အဝယံ ဝဟိတဗ္ဗော

"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# သာထွန်းပြန်

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ် -တန်ဆောင်မုန်း၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၊ အတွဲ (၂၁)၊ အမှတ် (၃)

ဓမ္မစာစောင်



www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

www.dhammaransi.com

အမှတ် ၀၃၁၄၆
ရက်စွဲ ၁၆.၁၁.၁၅

# သာထွန်းပြန့် ဓမ္မစာစောင်

ဗုဒ္ဓသာသနာဘာရော အဓ ဿံဝဿိတာဗ္ဗော

ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ယွင်းအောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၃)၊ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ် - တန်ဆောင်မုန်း၊
၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

**နာယကကြီးများ**

ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)
တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပရု(ဖ်) အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ ဓမ္မဒူတ ဒေါက်တာပညိဿရာ ဘိဝံသ ဆရာတော်ဘုရား၏ ဩဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"တန်ဆောင်တိုင်မီးထွန်းပွဲတော်"

၇ စာတည်းအာဘော်
"ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဗုဒ္ဓ၏ဓမ္မအနှစ်ကို သုံးဆောင်နိုင်အောင် ကြိုးစားကြပါစို့"

၁၀ မြန်မာ ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားခြင်းဥပဒေ

၁၆ တန်ဆောင်မုန်းလမြင်ကွင်း ကန့်ဘလူ - ကံတင်အောင်

၁၇ အသစ်အဟောင်း လေလှိုင်း - ထန်လီန်း

၁၈ သိကြားစောင့်တဲ့အိမ် သောင်းလှ - ပေါက်မြေ

၁၉ မိလိန္ဒပဉှာ

www.dhammaransi.com


၂၁ ရဟန်းကောင်း ရဟန်းမြတ်တို့၏တာဝန် ဓမ္မဝီရ

၂၃ မတူစိတ်ကိုဖျောက်၍ တူစိတ်ကိုမွေးမြူခြင်း
ရှင်ဇော (မန်းတက္ကသိုလ်)

၂၆ ကျေးဇူးကြီးလှ မိနင့်ဘ ရွှေဝင်း (မြန်မာစာ)

၂၉ နောင်မှတခဲ့ရသည့်အပြစ် မောင်သာ (ဒဿန)

၃၂ နှုတ်ထွက်စကားကြွမ်းခဲ့သော အလှရှင်အမ္ဗပါလိ
ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

၄၀ ဘုရားဂုဏ်တော်အစွမ်း နိုင်ကြည်မြင့်

၄၃ အသည်းအသက်ကိုရင်း၍ ပြည့်သခင်

၄၉ ပရမတ်အမြင် ကြည်လင်နိုင်ပါစေ
ကလျာဏမိတ္တယောဂီ

၅၅ ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ ဖူးပွင့်ဝေ

၅၈ ချမ်းမြေ့ပြည့်စုံသောဘဝ ဦးအောင်သိန်းညွန့်
Perfect Way of Living
**Trans: by U Aung Thein Nyunt**

၆၁ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း





**သာထွန်းပြန့် ဓမ္မစာစောင် ရုံးအဖွဲ့**


ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြ - ၀၁၁၀၄)
ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။

www.dhammaransi.com





# ဓမ္မဒူတ ဒေါက်တာပညာသမိဝံသ ဆရာတော်ဘုရား ၏ ဩဝါဒကထာ

- ကာယကံနှင့် ဝစီကံကို လမ်းမချော်ရအောင် စည်းကမ်းဘောင် အတွင်းမှာ ကောင်းကောင်းမွန်မွန် ထိန်းသိမ်းထားတာကို သီလလို့ ခေါ်ပါတယ်။
- တစ်နည်းပြောရရင် အပြောနဲ့အလုပ် အပြစ်ကင်းစင် မှန်ကန် ခြင်းပါပဲ။
- လူနဲ့တူအောင်၊ လူအစစ်ဖြစ်အောင် စည်းကမ်းထိန်းသိမ်းခြင်းပါပဲ။
- သီလဆိုတာ ရောဂါအမျိုးမျိုးတွေနဲ့ ဆက်ဆံနေတဲ့ အနှစ်မဲ့ခန္ဓာ ကိုယ် ထဲက အနှစ်ထုတ်ယူခြင်းလည်း ဖြစ်ပါတယ်။

www.dhammaransi.com



# တန်ဆောင်တိုင် မီးထွန်းပွဲတော်

တန်ဆောင်မုန်းလသည် မြန်မာ့(၁၂)လတွင် ရှစ်လမြောက်လဖြစ်သည်။ တန်ဆောင်မုန်းလသည် ဥတုရာသီကြည်လင်သည့်လဖြစ်သည်။ ဝါဆိုလပြည့်က စတင်ခဲ့သော မိုးရာသီသည် တန်ဆောင်မုန်းလတွင် ကုန်ဆုံးပြီးဖြစ်သဖြင့် ခြေခင်းလက်ခင်းသာသော ဆောင်းရာသီသို့ရောက်ရှိလာသည်။ မိုးကာလစိုက်ပျိုးခဲ့သော ကောက်စော စပါးသီးနှံများသည် ကောက်သားဝင်လာကြပြီဖြစ်သဖြင့် မြန်မာတို့က ဖုံတုံးလုံးတုံး တန်ဆောင်မုန်းလဟူ၍ ခေါ်စမှတ်ပြုကြသလို ဤတန်ဆောင်မုန်းလတွင်

တန်ဆောင်တိုင်မီးထွန်းပွဲတော်

ကထိန်သင်္ကန်းအလှူပွဲတော်

မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်

မဲဇလီဖူးသုပ်ဝေငှသော ပွဲတော်

ကျီးမနိုးပွဲတော်

သာမညဖလအခါတော်နေ့ပွဲတော်စသည့် ဘာသာရေး၊ လူမှုရေးပွဲတော်တို့ကို ကျင်းပပြုလုပ်လေ့ရှိပါသည်။

ထိုပွဲတော်များအနက် တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖြစ်ပေါ်လာရခြင်းကို ဖော်ပြလိုက်ရပါသည်။

ဂေါတမဘုရားရှင်လက်ထက်တော်အခါက တန်ဆောင်မုန်းလပြည့်ညမှာ ဖခင်ကို သတ်မိ၍ ညဥ့်အခါ၌ အိပ်မရသောအဇာတသတ်မင်းတရားသည် မှူးမတ်ပေါင်းခြံရံလျက် လသာဆောင်၌ ညီလာခံသဘင်ဆင်ယင်ကျင်းပရာ ဆီးနှင်းမြူတိမ်၊ သူရိမ်မီးခိုး၊ ညစ်မျိုးငါးဝ ကင်းစင်ပြီး၊ ကြည်နူးသာယာဖွယ်ကောင်းတဲ့ တန်ဆောင်မုန်းလပြည့်နေ့ညရဲ့ အလှအပကို ကြည့်ပြီး အဇာတသတ်မင်းက-

၁။ ရမဏီယာ ဝတ = မွေ့လျော်ဖွယ်ကောင်းသော ညပါတကား၊

၂။ အဘိရူပါ ဝတ = အလွန်လှပသောညပါတကား၊

www.dhammaransi.com



၃။ ဒဿနိယာ ဝတ = ရှုဖွယ်ကောင်းသောညပါတကား၊

၄။ ပါသာဒိကာ ဝတ= ကြည်လင်ရွှန်းပသောညပါတကား၊

၅။ လက္ခညာ ဝတ = မေ့မရနိုင်သောညပါတကား

ဟု စကား ၅-ခွန်းဖြင့် ဥဒါန်းကျူးရင့် ချီးကျူးခဲ့ပါသည်။

အဇာတသတ်မင်းသည် ထိုတန်ဆောင်မုန်းလပြည့်နေ့တွင် သူတော်စင်တစ်ပါးပါးထံ၌ သွားရောက်ဆည်းကပ်တရားနာလိုသောဆန္ဒဖြစ်ပေါ်ခံစားမိသည်။ အမတ်အသီးသီးတို့က မိမိတို့ကိုးကွယ်ဆည်းကပ်သော တိတ္ထိဆရာကြီးများထံသို့ သွားရောက်ဆည်းကပ်ရန် အကြံပြုကြ၏ အဇာတသတ်မင်းက မနှစ်သက်သဘောမကျ တိတ်ဆိတ်စွာနေသည်။

ထိုနောက် ဆရာဇီဝကကို ဆရာရှိမရှိမေးရာ ဆရာဇီဝက က မိမိ၌ဆရာရှိကြောင်း လျှောက်ထားပြီး ဘုရားရှင်၏ဂုဏ်တော်ကို လျှောက်ထားလေသည်။

ထိုအခါ အဇာတသတ်မင်းသည် ဘုရားရှင်ထံသွားရောက်ဖူးမျှော်တရားနာရန် စိတ်ဝင်စားပြီး သွားရန်စီမံခိုင်းခဲ့သည်။ ညအချိန်သွားရသည်ဖြစ်၍ ဆင်မယဉ်သာ(၅၀၀)၌ စီးနင်းလိုက်ပါသော စစ်သည်အမျိုးသမီး(၅၀၀)နှင့် ကျန်ပရိသတ်တို့ဆီမီးများကို အသီးသီး ထွန်းညှိကိုင်ဆောင်ပြီး ဆရာဇီဝက၏ သရက်ဥယျာဉ်သို့ သွားခဲ့သည်။

အဇာတသတ်မင်းသည် ဘုရားရှင်ထံမှ ရဟန်းဖြစ် တရားနာရပြီးအသိတရားရသွားကာ ဘုရားရှင်ကို မိမိ၏ဖခင်သတ်မိသောအပြစ်ကို ဝန်ချတောင်းပန်ခဲ့သည်။ ဘုရားရှင်က အပြစ်ကိုအပြစ်မှန်းသိ၍ ဆင်ခြင်ခြင်းသည် ကောင်းသည် ဟု ပြောကြားပြီး ခွင့်လွှတ်ခဲ့သည်။

ထိုအချိန်မှစ၍ အဇာတသတ်သည် ညတွင်ကောင်းစွာအိပ်စက်ရပြီး ရတနာသုံးပါး၌လည်း အနိုင်းမဲ့ကြည်ညိုမြတ်နိုးသူဖြစ်ခဲ့ရသည်။ မူလက အိန္ဒိယတွင် တန်ဆောင်မုန်းလ၌ နက္ခတ်ပွဲသဘင်ကျင်းပလေ့ရှိသော်လည်း ဗုဒ္ဓဘာသာတို့က ထိုပွဲအစား ဘုရားရှင်ထံသို့ မီးရှူတန်ဆောင်ထွန်း၍သွားသောပွဲအဖြစ် သတ်မှတ်ရန် တန်ဆောင်တိုင်မီးထွန်းပွဲဟု သတ်မှတ်ပြီး ကျင်းပပြုလုပ်လေ့ရှိကြပါသည်။

ဤလတွင် အဇာတသတ်မင်းအကျွတ်ရသည့် တန်ဆောင်တိုင်မီးထွန်းပွဲကို အသိအမှတ်ပြုပုံရိပ်ဖော်တင်ပြလိုက်ရပါသည်။

www.dhammaransi.com



# ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဗုဒ္ဓဓါမ္မအနှစ်ကို သုံးဆောင်နိုင်အောင်ကြိုးစားကြပါ

ဤကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားသောနိုင်ငံတို့တွင် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားသောနိုင်ငံများနှင့် မဟာယာနဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံများ ဟူ၍(၂)မျိုးရှိနေပါသည်။ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံအရေအတွက်သည် ယနေ့သတ်မှတ်ချက်အရ မြန်မာ-သီရိလင်္ကာ-ထိုင်း-ကမ္ဘောဒီးယား-လာအို-ဟူ၍ ငါးနိုင်ငံသာရှိပါသည်။

ထိုငါးနိုင်ငံတွင် ထေရဝါဒဗုဒ္ဓစာပေ- သုတ်- ဝိနည်း အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံ တို့ကို တစိုက်မတ်မတ် သင်ပေးခြင်း သင်ယူခြင်းနိုင်ငံသည် မြန်မာနိုင်ငံ၌သာ အဓိကရှိနေ ပါသည်။ ကျန်လေးနိုင်ငံတို့တွင် ဝိနည်းနှင့်အဘိဓမ္မာသင်ယူမှုတို့သည် တစ်စတစ်စ ပျောက် ကွယ်လာနေသည်ကို လေ့လာတွေ့ရှိရပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်တည်တံ့ပြန့်ပွားရေးဟူသော သဒ္ဓါစေတနာဖြင့် ပရိယတ္တိပညာကို အပတ်တကုတ်ကြိုးစားအားထုတ်နေကြသော ပရိယတ္တိဝန်ဆောင် ဆရာတော်သံဃာတော်များ အတော်များများရှိနေသလို မိမိနှင့်တကွ အများသတ္တဝါတို့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် မိမိတတ်သိနားလည်ထားသော ပရိယတ္တိ အပေါ် အခြေခံ၍ ကိုယ်တိုင်လည်းကျင့် အများကိုလည်းကျင့်စေကာ ပဋိပတ္တိဝန်ဆောင် သံဃာတော်များလည်းရှိနေပါသည်။

တစ်ဖန် ဤထေရဝါဒဗုဒ္ဓသာသနာရဟန်းသံဃာလောက၌ မိမိတစ်ဘဝချမ်းသာမှုအတွက် သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ-ဟု မိမိသာသနာတော်ဝင်စဉ်က ဝန်ခံခဲ့သော ကတိကို မေ့ပျောက်-ဖျောက်ဖျက်ပြီး ဗေဒင် ယတြာ နက္ခတ် ထွက်ရပ်ပေါက်ဂိုဏ်း သိဒ္ဓိ-မဟိဒ္ဓိဂိုဏ်း ဘိုးတော်ဂိုဏ်း- အင်းအိုင်လက်ဖွဲ့တို့ဖြင့်ဟောကြားစီမံပေးနေကြသော ရဟန်းသံဃာ အမျိုး အစားကလည်းရှိနေကြပါသည်။

www.dhammaransi.com



ယနေ့ဗုဒ္ဓဘာသာဝင်တို့၏ စိတ်နေသဘာဝကို လေ့လာသုံးသပ်ကြည့်လျှင် ထိုယတြာ နက္ခတ် ဗေဒင် ဘုန်းကြီး၊ သံဃာများကို အထင်ကြီး ဆည်းကပ်မှုက ပထမ--- ဝိပဿနာ အားထုတ်မှုကို သွန်သင်ပြသပေးသောရဟန်းသံဃာကို အလေးပြုသော ပရိသတ်က ဒုတိယ-တရားဟောခမ္မကထိကပုဂ္ဂိုလ်တို့၏တရားကို နာလိုမှုက တတိယ-ဖြစ်နေပြီး သာသနာ၏ အခြေခံကျသော ပရိယတ္တိစာပေသင်ကြားပြသပေးနေသော စာချ၊ စာသင် ဆရာတော် သံဃာတော်များကို စိတ်ဝင်စားမှုက စတုတ္ထ နောက်ဆုံးအဆင့်ရောက်နေသည်ကို တွေ့နေရပါသည်။

ယနေ့သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူ၍လည်းကောင်း ထေရဝါဒစစ်စစ်ဟူ၍လည်းကောင်း၊ သံသရာဝဋ်က လွတ်သော နိဗ္ဗာန်ရောက်ရေးဟူ၍လည်းကောင်း ဟောပြောပြုလုပ်နေကြသော ရဟန်းသံဃာတော်များနှင့်ဗုဒ္ဓဘာသာ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ တရားနှင့်ယုံကြည်မှုအပေါ် လေ့လာဆန်းသစ်ကြရန် အချိန်တန်နေပြီဟု ဆိုချင်ပါသည်။

မိမိတို့ကိုယ်တိုင်လည်း မိမိတို့သည် ဘာလဲဆိုတာကို သိဘို့လိုလာပါပြီ ခြားနားချက်များကို နားလည်ထားဘို့လိုနေပါပြီ။

The more I know The more I Love = ပို၍သိလေ ပို၍ချစ်တတ်လေ ဟူသော စကားပုံကဲ့သို့ မိမိတို့သည် ဗုဒ္ဓ၏အနှစ်သာရတရားဖြစ်သော ပရိယတ္တိကို သိထားပါလျှင် ဘယ်ဟာအနှစ် ဘယ်ဟာအကာ ဆိုတာကို သိကြပါလိမ့်မည်။

သံသရာဝဋ်မှ လွတ်မြောက်ရန်နှင့် နိဗ္ဗာန်ချမ်းသာကို လက်ရှိပစ္စုပ္ပန်ဘဝမှာပင် ခံစားရရှိနိုင်ရန် လမ်းညွှန်ပေးထားသော ဗုဒ္ဓ၏ မဂ္ဂင်(၈)ပါး ထက်ကောင်းမြတ်သော သန့်စင်သော ဗေဒင်-ယတြာ ထွက်ရပ်ကျင့်စဉ် အင်းအိုင်မန္တာန်ဆိုသည် မရှိပါဟု- ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများ ဗုဒ္ဓ၏သားတော်အဖြစ် ခံယူရထားသော ဗုဒ္ဓခွင့်ပြုထားသော ပစ္စည်းလေးပါးကို သုံးဆောင်ခံစားနေကြသော ရဟန်းသံဃာတော်များသည် အလေးအနက်ထားစဉ်းစားဆင်ခြင်သင့်ကြပါသည်။

www.dhammaransi.com



ဗုဒ္ဓက မဟာလိသုတ်တွင် အကာနှင့်အနှစ်ကိုသေချာစွာလမ်းညွှန်ဟောကြားထားပါသည်။ ပရိယတ္တိမပြည့်စုံကြသေးသော ရဟန်းသံဃာများ (သို့မဟုတ်) အထက်တန်းကျသော ပိဋကတ်စာပေများကို မသင်ကြားရသေးသော ရဟန်းသံဃာများနှင့် တရားဓမ္မအနှစ်သာရကို သေချာစွာ နာကြားခြင်း လေ့လာဘူးခြင်း- ဖတ်ဖူးခြင်းမရှိကြသော ဒကာဒကာမများသည် ထိုမဟာလိသုတ်ကို လေ့လာသင့်ကြပါသည်။

"ကိုယ်အကြောင်းကို သေချာစွာမသိသောသူသည် သူတစ်ပါးတို့အား မှန်ကန်စွာနားလည်နိုင်မည်မဟုတ်ပေ... ဟုဆိုထားသကဲ့သို့ မိမိကိုယ်ကိုယ်မိမိ ရဟန်းသံဃာဟု ပြောဆိုကြသော်လည်း ရဟန်းတရား အထူးသဖြင့် ဝိနည်းတရား အဘိဓမ္မာ တရားကို နားမလည်အဆုံးအမကို နားမလည်သောသူတို့အတွက် တရားစစ် တရားမှန်(ဝါ) ဗုဒ္ဓနှင့်ဗုဒ္ဓ၏သာဓကေ တရားအစစ်များကို နားလည်ကြမည်မဟုတ်ချေ။

ထိုသို့ နားမလည်ကြသည့်အတွက် သင်္ကန်းဝတ်ရုံထားသော်လည်း သာသနာ့ဝန်စီးများသာ ဖြစ်ကြမည်... ဒကာ ဒကာမတို့သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်မျှသာဖြစ်ကြပါလိမ့်မည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓသားတော်အမည်ခံ သံဃာတော်များသည် ဗုဒ္ဓ၏ဓမ္မစစ်-ဓမ္မမှန်တို့ကို ထွန်းပေါ်ထင်ရှားပြီး တည်တံ့ပြန့်ပွားအောင် ပရိယတ္တိစာပေ သင်ကြားမှုကို ခေတ်နှင့်အညီသင်ကြားကြပြီး ပြန့်ပွားအောင်ကြိုးစားကြစေလိုပါသည်။ သံကိုသံချေးဖျက်သကဲ့သို့ သံဃာစစ် သံဃာမှန်ကို သံဃာတုသံဃာယောင်တို့ကလည်းကောင်း၊ တရားစစ်တရားမှန်ကို ဗေဒင်ယတြာဂိုဏ်းတို့ကလည်းကောင်း ဖျက်ဆီးကြမည်ကို သတိပြုဆောင်ရွက်ကြပြီး ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဗုဒ္ဓ၏ဓမ္မအနှစ်ကို သုံးဆောင်နိုင်အောင် ဖြန့်ဝေနိုင်အောင်ကြိုးစားကြစေလိုကြောင်း အထူးနှိုးဆော်သတိပေး တိုက်တွန်းအပ်ပါသည်။

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

အမျိုး ဘာသာ သာသနာကို ချစ်မြတ်နိုးကြပြီး နယ်စပ်နှင့်ပြည်နယ်ရှိ ခေါင်းပါးဒေသ စသည်တို့၌ သာသနာပြုလုပ်ငန်းကို သက်စွန့်ဆံဖျား ကြိုးပမ်းအားထုတ်နေကြသော သာသနာပြုရဟန်းတော်များနှင့် ပြည်ပရှိ သာသနာပြုရဟန်းတော်များသည် အမျိုးပျောက်မှာ စိုးကြောက်လှပါသည်၊ မြေမျို၍လူမျိုးမပျောက် - လူမျိုးမှ လူမျိုးပျောက် မည်ဟူသော ကျူးရင့်ကြွေးကြော်သံကို အလေးအနက်ခံယူထားကြကာ ယခုနိုင်ငံတော်အခက်အခဲ ပြဿနာမျိုးစုံ ကန့်ကွက်မှုမျိုးစုံကြားထဲမှ ကျော်ဖြတ်ကာ - - -

- မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ
- ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေ
- လူဦးရေတိုးပွားထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ
- တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေ

တို့ပါဝင်သော မျိုးစောင့်ဥပဒေတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းလိုက်ပြီးဖြစ်ပါသည်။

ထိုဥပဒေကို သာသနာပြုရဟန်းတော်များသည် ကိုယ်တိုင်သိရှိသဘောပေါက်နားလည်ပြီး မိမိပတ်ဝန်းကျင်ရှိ မိမိတို့၏ ဒကာ ဒကာမများအနေဖြင့် လူငယ်အမျိုးသမီးများကို သိရှိနားလည်သဘောပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်တတ်အောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးနိုင်ရန်အတွက် ဤဥပဒေပြဋ္ဌာန်းချက်ကို သာသနာပြုပုဂ္ဂိုလ်များအတွက် ထည့်သွင်းဖော်ပြလိုက်ရပါသည်။

## မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်း စသည်တို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို မျှတစွာ ရရှိခံစားနိုင်ရန်နှင့် ထိရောက်သည့် ကာကွယ်မှုပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

www.dhammaransi.com



## အခန်း(၁)

## အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားတို့နှင့် သက်ဆိုင်စေရမည်။

(ခ) မြန်မာဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို ဤဥပဒေနှင့်အညီ ဆုံးဖြတ်ရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြ ထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။

(ခ) **မြန်မာဗုဒ္ဓဘာသာဝင်မိန်းမ** ဆိုသည်မှာ နိုင်ငံသား ဖြစ်သည့်အပြင် ဗုဒ္ဓ ဘာသာ ကိုးကွယ်သော မိန်းမ(သို့မဟုတ်) ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသော မိန်းမကို ဆိုသည်။ သို့ရာတွင် ထိုမိန်းမသည် ဗုဒ္ဓဘာသာမှ အခြားဘာသာ တစ်ခုခုသို့ အထင်အရှားကူးပြောင်း၍ ထိုအခြား ဘာသာကို တရားဝင်ကူးပြောင်းကိုးကွယ်လျက်ရှိလျှင် ဗုဒ္ဓဘာသာကိုးကွယ် သော မိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓ ဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရ။

(ဂ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိ ကို ဆိုလိုသည်။

www.dhammaransi.com



## အခန်း(၂)

## ဧည့်ဥပဒေအရ ထိမ်းမြားနိုင်သူများ

၄။ အသက် (၁၈)နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျာ်းတစ်ဦးနှင့် အသက် (၁၈)နှစ်ပြည့်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါ အချက်များနှင့် ပြည့်စုံလျှင် ဧည့်ဥပဒေအရ ထိမ်းမြားနိုင်သည်-

(က) နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်ခြင်းမရှိသူဖြစ်ရမည်။

(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ သုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရ မဟုတ်ဘဲ မိမိတို့၏ လွတ်လပ်သော ဆန္ဒအရ ထိမ်းမြားရန်သဘော တူညီခြင်းဖြစ်ရ မည်။

(ဂ) အသက်(၂၀)နှစ် မပြည့်သေးသည့် မိန်းမဖြစ်လျှင် မိဘ၏သဘောတူညီချက် ကိုသော်လည်းကောင်း၊ မိဘတို့သေဆုံးပါမှ အမှန်အုပ်ထိန်းသူ သို့တည်း မဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘော တူညီချက်ကိုသော်လည်းကောင်း ရရှိပြီးဖြစ်ရမည်။

(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်ယောကျာ်း မရှိသူဖြစ်ရမည်။

(င) ယောကျာ်းသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိသူ ဖြစ်ရမည်။

## အခန်း(၃)

## ဧည့်ဥပဒေအရထိမ်းမြားခြင်း

၅။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ဧည့်ဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိ ဖြစ်သည်။

၆။ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျာ်းတစ်ဦးတို့ ထိမ်းမြားရန် ရည်ရွယ်သည့်အခါ ၎င်းတို့တစ်ဦးဦးနေထိုင်လျက်ရှိသည့် ဒေသရှိ မှတ်ပုံတင် အရာရှိ (သို့မဟုတ်) ၎င်းက တာဝန်ပေးအပ်ထားသူထံ သတ်မှတ်ထားသည့် ပုံစံဖြင့် ၎င်းတို့ တစ်ဦးဦးက လျှောက်ထားနိုင်သည်။

www.dhammaransi.com



၇။ လျှောက်လွှာနှင့်အတူ ပုဒ်မ ၄ ပါ အချက်များ ပြည့်စုံမှန်ကန်ကြောင်း လျှောက်ထားသူတို့၏ ဝန်ခံချက်ပါရှိသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရမည်။

၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်များ မှန်ကန်ကြောင်းကို မှတ်ပုံတင်အရာရှိနှင့် သက်သေနှစ်ဦးတို့ ရှေ့တွင် လက်မှတ်ရေးထိုးရမည်။

၉။ မှတ်ပုံတင်အရာရှိသည်-

(က) လျှောက်လွှာ မိတ္တူတစ်စောင်ကို မိမိရုံးရှိ အများမြင်သာသည့် နေရာနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတို့၌ ကပ်ရမည့်အပြင် တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာများ (သို့မဟုတ်) နို့တစ်စာများချအပ်သည့် နည်းလမ်းနှင့်အညီ အောက်ပါပုဂ္ဂိုလ်များထံ အကြောင်းကြားစာများ ပေးပို့ရမည်-

(၁) ထိမ်းမြားမည့် မိန်းမ အသက် ၂၀-နှစ် မပြည့်သေးလျှင် ၄င်းမိဘ(သို့မဟုတ်) အုပ်ထိန်းသူ၊

(၂) မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့်၄င်း၏ ယောကျ်ား၊

(၃) ယောကျ်ားသည် ယခင်ကထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် ၄င်း၏ မိန်းမ။

(ခ) လျှောက်လွှာ မိတ္တူပေးခြင်းခံရမည့်သူ တစ်ဦးတစ်ယောက်၏ နေရပ်သည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့် နယ်နိမိတ်ပြင်ပတွင်ရှိလျှင် မိတ္တူတစ်စောင်ကို ထိုသူထံ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ ဖြစ်စေ၊ လူလွှတ်၍ ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် ဖြစ်စေ ပေးပို့နိုင်သည်။

၁၀။ ထိမ်းမြားရန် ရည်ရွယ်ကြောင်း လျှောက်လွှာမိတ္တူကို ပုဒ်မ ၉ အရ ပေးပြီးနောက် ၁၄ ရက်ကြာသည့်အခါ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၃ တို့အရ ကြိုတင်ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက လျှောက်ထားသူတို့ကို ထိမ်းမြားပေးနိုင်သည်။

၁၁။ ပုဒ်မ ၆ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၄ ပါ အချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် မည်သူမဆို မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ ထိုသူအား ထိမ်းမြားခြင်း မပြုစေရန်စာဖြင့် ရေးသားကန့်ကွက်နိုင်သည်။

www.dhammaransi.com



၁၂။ (က) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာရရှိသောအခါ ကန့်ကွက်သူအား စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ လျှောက်ထားရန် ညွှန်ပြပြီး တရားရုံး၏ အမိန့်ရရှိသည့်နေ့အထိ ထိမ်းမြားခြင်းကို ရွှေ့ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ(က)ပါ စီရင်ပိုင်ခွင့်အာဏာရတရားရုံးသည် မှတ်ပုံတင်အရာရှိ၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်ဒေသရှိ မြို့နယ်တရားရုံး ဖြစ်ရမည်။

၁၃။ (က) ပုဒ်မ ၆ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၄ ပါ အချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့ ကန့်ကွက်သူက လျှောက်လွှာတင်သွင်းနိုင်သည်။

(ခ) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ်တစ်စောင်ကို ကန့်ကွက်သူအားပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည်-

(၁) ပုဒ်မခွဲ(ခ)အရပေးသည့် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့်အချိန် ကာလအတွင်း ကန့်ကွက်သူက တင်သွင်းလျှင် တရားရုံးမှ ထိမ်းမြားခွင့်ရှိသည့် အမိန့်ကို မရရှိမီ ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားမပေးရ။

(၂) သတ်မှတ်ထားသည့် ကာလအတွင်း ကန့်ကွက်သူက သက်သေခံလက်မှတ်ကို မတင်သွင်းလျှင် ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားပေးရမည်။

(ဃ) တရားရုံးသည် လျှောက်လွှာနှင့် ကျမ်းကျိန်လွှာတို့တွင် ပါရှိသည့်အချက်များနှင့် နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက်တို့ကို အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူတို့သည် ထိမ်းမြားနိုင်ခွင့်ရှိ၊ မရှိ အမိန့်ချမှတ်ရမည်။

(င) ထိုအမိန့်ကို ကျေနပ်မှုမရှိပါက ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်ရှိသည်။

(စ) တရားရုံးသည် မိမိချမှတ်သော အမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ချင်းပို့ရမည်။

www.dhammaransi.com



(ဆ) (၁) ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင် အရာရှိသည် ထိမ်းမြားပေးရမည်။

(၂) ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင် အရာရှိသည် ထိမ်းမြားမပေးရ။

၁၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၃ အရ ထိမ်းမြားသောအခါ သက်သေနှစ်ဦးရှေ့တွင် လျှောက်ထားသူတို့ကို ထိမ်းမြားပေးရမည်။ ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင် ''ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်''ဟူ၍ မြွက်ဟကြေညာရမည်။

၁၅။ ပုဒ်မ ၁၄ အရ ထိမ်းမြားသည့်အခါ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သော အကြောင်း အရာများကို ထိမ်းမြားမှု သက်သေခံမှတ်ပုံတင်စာအုပ်၌ ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ် တွင် ထိမ်းမြားသူများ၊ သက်သေများနှင့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၁၆။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမှု သက်သေခံလက်မှတ် မူရင်းခွဲ ၄ စောင် ပြုလုပ်၍ တစ်စောင်စီကို ထိမ်းမြားသူတို့အား ပေးအပ်ရမည်။ အကယ်၍ မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား ပေးအပ်ရမည်။ တတိယ တစ်စောင်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အမြဲထိန်းသိမ်းထားရန် ပေးပို့ရမည်။ စတုတ္ထ တစ်စောင်နှင့် ထိမ်းမြားခြင်းဆိုင်ရာ အမှတ်အသားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ထိမ်းမြားမှုဆိုင်ရာ မှတ်ပုံတင်စာအုပ်နှင့်အတူ ပူးတွဲထိန်းသိမ်းထားရှိရမည်။

၁၇။ ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို ရလိုကြောင်း သတ်မှတ်ထားသည့် အခကြေးငွေကို သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ပေးသွင်းပြီး လျှောက်ထားပါက မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၈။ ဤဥပဒေအရ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏ တာဝန်ခံ မိတ္တူများတွင် ပါရှိသည့် အကြောင်းအရာများသည် မှန်ကန်သည်ဟု သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ် သက်သေထင်ရှားပြရန် မလို။

နောက်လဆက်ရန်

# တန်ဆောင်မုန်းလဖြင့်ကျွင်း



တန်ဆောင်မုန်းလ
ဒါနကထိန်
အရှိန်ကြီးမား
တိုးပွားအောင်ပြု
သာဓု... သာဓု... သာဓု။

တန်ဆောင်လပြည့်
ထိုယနေ့ဝယ်
လူငယ်များစွာ
အပေါင်းပါတို့
ဝယ်ကာတစ်နည်း
ခိုးပြီးတစ်ဝက်
ဘဲကြက်သတ်လျှက်
အရက်နှင့်စား
ပျော်ပါးနေကြ
ဒုက္ခ... ဒုက္ခ... ဒုက္ခ။

ကန့်ဘလူ ကံတင်အောင် (ပထဝီဝင်)

# အသစ် အဟောင်း



✱ ခံသူအဟောင်း
ပြုသူအသစ်၊ စင်စစ်ကောင်းမှု
အကြောင်းပြုရန်၊ အသင့်ထံမှာ
မြဲမြံစိတ်ထားဖြူသလား။


✱ ပြုသူအသစ်
ခံသူအဟောင်း၊ ထိုကြွေးဟောင်းကို
ကြေကြောင်းခေါင်းခံ၊ အသင့်ထံမှာ
သည်းခံစိတ်များမွေးသလား။

✱ အသစ်အဟောင်း
ကံအကြောင်းဟု၊ ကောင်းမှုတစ်ခု
နေ့စဉ်ပြုလေ၊ အဟောင်းကြွေလျက်
ပြေပြစ်နှောင်းဖြစ်၊ ဘဝသစ်၌
သစ်လွင်ချမ်းသာ သံသရာ။

လေလှိုင်း-ထန်းလိန်း

www.dhammaransi.com





# သိကြားစောင့်တဲ့အိမ်

တို့အိမ်က ဘုရားစင်၊ ကြည်လင်ပသန့်ရှင်း၊
ပန်းညောင်ရေတဝေဝေနဲ့ မြတ်စိန္တေရည်ရော်မှန်းတယ်၊ ဦးချဝပ်စင်း။

တို့အိမ်က ဘုရားစင်၊ ကြည်လင်ပသန့်ရှင်း၊
သစ်သီးစုံအလင်နဲ့ ဆွမ်းဖြူဖြူ ချိန်မှန်ကပ်တယ်၊ ဦးချဝပ်စင်း။

တို့အိမ်က ဘုရားစင်၊ ကြည်လင်ပသန့်ရှင်း၊
မျက်နှာသစ်ရေတော်နှင့် သောက်တော်ရေချိန်မှန်ကပ်တယ်၊ ဦးချဝပ်စင်း။

တို့အိမ်က ဘုရားစင်၊ ကြည်လင်ပသန့်ရှင်း၊
ညချမ်းချိန်ခါမှောင်လို့ ဆီမီးအလင်းရောင်ကပ်တယ်၊ ဦးချဝပ်စင်း။

သောက်တော်ရေ၊ ပန်းရေချမ်းနဲ့ဆွမ်းဆီမီးစုံအလင်ပြုကြနေ့စဉ်
တို့အိမ်က ဘုရားစင်၊ ကြည်လင်ပသန့်ရှင်း၊
ကြေးစည်သံတလွင်လွင်နဲ့ ဆုချွေကာမေတ္တာပို့တယ်၊ ဦးချဝပ်စင်း။

အိပ်ယာဝင်ချိန်ကျရင်လ၊ သုံးပါးကွဲ့ရတနာ၊ မိဘနဲ့ဆရာ
မြတ်သီလအစဉ်စောင့်ရှိခိုးပန်ထွာ
တို့အိမ်ရဲ့သာသနာ၊ ဘယ်အခါရောင် မညှိုးပါဘူး
တို့အိမ်ကို ဒေဝါစောင့်တယ်၊ ဘေးရန်တွေကင်း။
တို့အိမ်ကို ဒေဝါများရယ်၊ ဦးချဝပ်စင်း။

သောင်းလှ (ပေါက်မြေ)

www.dhammaransi.com



# မိလိန္ဒပဉှာ

## ၁။ ဘုရားရှင်သည်သဗ္ဗညု ဟုတ်ပါ၏လော

"အရှင်နာဂသေနဘုရား၊ ဘုရားရှင်သည် အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညု ဟုတ်ပါ၏လော"

"မင်းမြတ်၊ ဘုရားရှင်သည် သဗ္ဗညု ဟုတ်မှန်ပေ၏"

"အရှင်ဘုရား၊ ထိုသို့ဖြစ်ပါလျက် တပည့်ရဟန်းတို့အား သိက္ခာပုဒ်များကို အဘယ်ကြောင့် အစဉ်အတိုင်း ပညတ်တော်မူပါသနည်း"

"မင်းမြတ်၊ သင်မင်းမြတ်၌ ဆေးဝါးမျိုးစုံကို သိမြင်တတ်ကျွမ်းသော ဆေးဆရာတစ်ယောက် ရှိပါ၏လော"

"အရှင်ဘုရား၊ ရှိပေ၏"

"မင်းမြတ်၊ ထိုဆေးဆရာသည် လူနာအား ဆေးတိုက်ချိန်ရောက်မှ ဆေးတိုက်ပါသလော၊ သို့မဟုတ် ဆေးတိုက်ချိန်မရောက်မီက ကြိုတင်၍ ဆေးတိုက်ပါသလော"

"အရှင်ဘုရား၊ ဆေးတိုက်ချိန်ရောက်မှ ဆေးတိုက်ပါ၏။ ဆေးတိုက်ချိန် မရောက်မီက ကြိုတင်၍ ဆေးမတိုက်ပါ"

"မင်းမြတ်၊ ဤအတူသာပင် ဘုရားရှင်သည် အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုဖြစ်ပါသော်လည်း တပည့်ရဟန်းတို့အား သိက္ခာပုဒ်ပညတ်ရန် အခွင့်အခါ မကြုံလာသေးမီ သိက္ခာပုဒ်ကို ပညတ်တော်မမူပေ။ အခွင့်အခါကြုံလာမှ ပညတ်တော်မူပေ၏။

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

## ၂။ ဘုရားရှင်၌ မဟာပုရိသလက္ခဏာ ရှိပါ၏လော

"အရှင်နာဂသေနဘုရား၊ ဘုရားရှင်သည် ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့ဖြင့် ပြည့်စုံပါ၏လော။ လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့် သပ္ပာယ်တော်မူပါ၏လော။ ရွှေရောင်ကဲ့သို့ ဝါဝင်းသော အဆင်းရှိပါ၏လော။ ရွှေစင်ရွှေသားကဲ့သို့ ညက်ညော သန့်စင်သော အရေအဆင်းရှိပါ၏လော။ တစ်လံမျှလောက်သော ရောင်ခြည်တော်ထွန်းပပါ၏လော"

www.dhammaransi.com



''မင်းမြတ်၊ မှန်လှပေ၏''

''အရှင်ဘုရား၊ ဘုရားရှင်၏ ခမည်းတော် မယ်တော်တို့သည်လည်း ထိုအတိုင်းသာ ဖြစ်ကြပါ၏လော''

''မင်းမြတ်၊ ထိုအတိုင်းမဖြစ်ကြပေ''

''အရှင်ဘုရား၊ ခမည်းတော်၊ မယ်တော်တို့သည် ထိုသို့မဖြစ်ကြပါလျှင် ဘုရားရှင်သည်လည်း ထိုသို့မဖြစ်တန်ရာ။ စင်စစ်အားဖြင့် သားဖြစ်သူသည် မိဘတို့နှင့်သာ တူသင့်ပေ၏''

''မင်းမြတ်၊ ပွင့်ချပ်များစွာ ပွင့်အာလျက်ရှိသောကြာသည် အဘယ်မှာ ပေါက်ရောက်ပါသနည်း''

''အရှင်ဘုရား၊ ညွန်ထဲမှာ ပေါက်ရောက်ပေ၏။ ရေကို မှီဝဲနေပေ၏''

''မင်းမြတ်၊ ညွန်နှင့်ရေမှ ပေါက်ရောက်လာသော ထိုကြာသည် အနံ့အရသာအားဖြင့် ညွန်၊ ရေတို့နှင့် တူပါသလော''

အရှင်ဘုရား၊ မတူပေ''

''မင်းမြတ်၊ ဤအတူသာပင် ဘုရားရှင်သည် ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးတို့နှင့် ပြည့်စုံတော်မူပေ၏။ လက္ခဏာတော်ငယ် ၈၀-တို့ဖြင့် သပ္ပါယ်တော်မူပေတယ်။ ရွှေရောင်ကဲ့သို့ ဝါဝင်းသော အဆင်းရှိ တော်မူပေ၏။ ရွှေစင်ရွှေသားကဲ့သို့ ညက်ညော သန့်စင်သော အသားအရေရှိတော်မူပေ၏။ တစ်လံမျှလောက်သော ရောင်ခြည်တော် ထွန်းပတော်မူပေ၏။ ဘုရားရှင်၏ ခမည်းတော်၊ မယ်တော်တို့ကား ထိုအတိုင်း မဖြစ်ကြပေ''

''အရှင်ဘုရား၊ သင့်လျော်လှပါပေ၏''

(ဘဝများစွာက ဖြည့်ကျင့်ခဲ့ကြသော ပါရမီတို့ ကွာခြားသဖြင့် ဤသို့ ကွာခြားကြရခြင်း ဖြစ်ပေ၏။)

## ၃။ ဘုရားရှင်သည် ဗြဟ္မာ၏တပည့်လော

''အရှင်နာဂသေနဘုရား၊ ဘုရားရှင်သည် ဗြဟ္မစာရီ မည်တော်မူပါ၏လော''

''မင်းမြတ်၊ ဘုရားရှင်သည် ဗြဟ္မစာရီ မည်တော်မူပေ၏''

''အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် ဘုရားရှင်သည် ဗြဟ္မာ၏တပည့်ပေလော''

''မင်းမြတ်၊ သင်မင်းမြတ်၏ မင်္ဂလာဆင်တော်သည် တစ်ခါတစ်ရံ ကြိုးကြာသံကို အော်မြည်ပါ၏လော''

''အရှင်ဘုရား၊ အော်မြည်ပေ၏''

စာမျက်နှာ(၂၂)သို့

www.dhammaransi.com



ဗုဒ္ဓသာသနာနှင့် ပစ္စည်းလေးပါးရှင်တို့အတွက်

# ရဟန်းကောင်း ရဟန်းမြတ်တို့၏ တာဝန်

ဓမ္မဝိဇ္ဇ

**လူစော်နံရဟန်း**

လူတို့နှင့်ချမ်းသာမကွဲ ဆင်းရဲအတူရောနှော နေသော ရဟန်းကို ဗုဒ္ဓက အင်္ဂုတ္တိုရ်၊ ကုလူပကသုတ်၌- အိမ်ကပ်ရဟန်း လူစော်နံရဟန်းဟု ခေါ်ကြောင်း ဟောကြားထားပါသည်။

၁။ အိမ်သူ အိမ်သားများနှင့် ခင်မင်ရင်းနှီးသူ မဟုတ်ပါဘဲလျက် အရောတဝင် ခင်မင်ရင်းနှီး ဟန်ဆောင်သော ရဟန်း၊

၂။ မသက်ဆိုင် မပိုင်စိုးဘဲလျက် ပိုင်စိုး ပိုင်နင်းစီမံခန့်ခွဲသော ရဟန်း၊

၃။ ကွဲပြားသူတို့ကို စေ့စပ်ရေးလုပ်ရန် သွားသောရဟန်း၊

၄။ အတောင်းအရမ်းထူသော ရဟန်း၊

၅။ နားရင်၌ ကပ်၍ တိုးတိုးပြောလေ့ရှိသော ရဟန်း၊

- ထိုရဟန်းမျိုးတို့သည် လူဒကာတို့၏ ချစ်မြတ်နိုးလေးစားခြင်း စိတ်နှလုံးပွားစေခြင်း မရနိုင်၊

- လူဒါယကာတို့ကလည်း ထိုရဟန်းထံမှ သီလ၊ သမာဓိ၊ ပညာ ကုသိုလ်ရေးမှ တစ်ပါး အခြားမျှော်လင့်ချက် တစ်စုံတစ်ရာဖြင့် မဆည်းကပ်ရပါ၊ လူပေါင်းပေါင်းခြင်းဖြင့် မပေါင်းဖော် မမှီဝဲရပါ။

**သာသနာတော်ဆုတ်ယုတ်မှုနှင့် ရဟန်းများကျင့်ကြံအားထုတ်မှု**

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာတော်ကို ငါးပုံ- ပုံထားပါသည်။

၁။ **ဝိမုတ္တိယုဂကာလ**

ပစ္စက္ခဘဝ၌ပင် မဂ်ဖိုလ်ရအောင် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ တရားကို အားထုတ်သောကာလ၊

၂။ **သမာဓိယုဂကာလ**

ပစ္စက္ခဘဝ၌ လောကီဈာန် အဘိညာဉ် ရရုံနှင့် အားရတင်းတိမ်သော ကာလ၊



၀၃၁၀၅

www.dhammaransi.com



### ၃။ သီလယုဂကာလ

စတုပါရိသုဒ္ဓိလေးပါးကိုသာ လုံခြုံအောင် အားထုတ်သော ကာလ၊ ထိုအချိန်သမာဓိယုဂကွယ်ပျောက်သည်။

### ၄။ သုတပညာကာလ

စတုပါရိသုဒ္ဓိသီလ မလုံတော့ဘဲ ဗဟုသုတရှိရုံမျှသာ လေ့လာသော ကာလ၊ ထိုအချိန်သီလယုဂကွယ်သည်။

### ၅။ ဒါနယုဂကာလ

ကျမ်းဂန်စာပေပို့ချခြင်းမရှိတော့ဘဲ ရဟန်းဟူသော အသွင်သာရှိသည်၊ ဥစ္စာပစ္စည်းစုဆောင်း၍ စွန့်လွှတ်ပေးကမ်းခြင်း ဒါနအလှူသာ ပြုလုပ်သောကာလ။

ဤဒါနအရာသည် သာသနာတော်၌ နောက်ဆုံးအကျင့်ဖြစ်တော့သည်၊ ယနေ့သာသနာတော်တည်တံ့ရေးအတွက် ရဟန်းတော်များသည် အဓိကအခန်းမှပါဝင်နေပါသည်၊ ရဟန်းပျောက်လျှင် သာသနာပျောက်မည်၊ သာသနာပျောက်လျှင် လယ်ယာ မြေကောင်း သဖွယ်ဖြစ်သော အလှူခံပုဂ္ဂိုလ်မြတ်မရှိ၍ အကျိုးယုတ်ကြမည်။

**ဓမ္မဝိရ**

**စာမျက်နှာ(၂၀)မှအဆက်**

"မင်းမြတ်၊ သို့ဖြစ်လျှင် မင်္ဂလာဆင်တော်သည် ကြိုးကြာငှက်၏ တပည့်ပေလော"

"အရှင်ဘုရား၊ မဟုတ်ပေ"

"မင်းမြတ်၊ ဗြဟ္မာသည် တရားအားလုံးကို အကုန်အစင်သိပြီး ပြီလော။ သိစရာ ကျန်သေးသလော"

"အရှင်ဘုရား၊ သိစရာကျန်ပါသေး၏"

"မင်းမြတ်၊ သို့ဖြစ်လျှင် ဗြဟ္မာသည် ဘုရားရှင်၏ တပည့်သာတည်း"

"အရှင်ဘုရား၊ သင့်လျော်ပါပေ၏"

### ၄။ ဘုရားရှင်သည် ရဟန်းဖြစ်ပါ၏လော

"အရှင်နာဂသေနဘုရား၊ ဘုရားရှင်၏ ရဟန်းအဖြစ်သည် ကောင်းမြတ်ပါ၏လော"

"မင်းမြတ်၊ ကောင်းမြတ်ပေ၏"

"အရှင်ဘုရား၊ ဘုရားရှင်မှာရဟန်းအဖြစ်ရှိပါသလော။ မရှိပါသလော"

"မင်းမြတ်၊ ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရသည်နှင့် တစ်ပြိုင်နက် ဘုရားရှင်သည် ရဟန်းအဖြစ်ကိုရတော်မူ၏။ ဘုရားရှင်သည် အသက်ထက်ဆုံး မလွန်ကျူးအပ်သော သိက္ခာပုဒ်များကို ပညတ်တော်မူကာ တပည့်တို့အား ရဟန်းပြုပေးတော်မူ၏။ ဘုရားရှင်မှာကား ထိုကဲ့သို့ ရဟန်းပြုပေးခြင်း မခံရပေ"

"အရှင်ဘုရား၊ သင့်လျော်လှပါပေ၏"

# မတူစိတ်ကို ဖျောက်၍ တူစိတ်ကို မွေးမြူခြင်း

ရှင်ဇော (မန်းတက္ကသိုလ်)



ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ လူမျိုးပေါင်းစုံနေထိုင်ကြသည့်အလျောက် အစားအသောက်၊ အနေအထိုင်၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာတို့မှာလည်း မတူကွဲပြား ခြားနား၍နေကြပါသည်။ မိမိတို့တာဝန်ကျသောဒေသတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် နတ်ဘာသာတို့ရှိနိုင်သလို အစ္စလာမ်ဘာသာလည်းရှိကောင်းရှိနိုင်ပါသည်။ မည်သို့ဆိုစေ ဒေသတစ်ခုနှင့်တစ်ခု၊ လူတစ်ဦးနှင့်တစ်ဦးကား မတူကွဲပြား ခြားနားသည့်အချက်များ ရှိနေကြမည်သာဖြစ်၏။

သာသနာပြုရဟန်းတော်သည် ပထမဆင့်အနေဖြင့် ထိုမတူကွဲပြားခြားနားသည်ဟူသည့် အတွေးအမြင်များကို အတတ်နိုင်ဆုံးပယ်ဖျောက်ထားဘို့လိုပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအတွေးအမြင်များသည် ဆက်ဆံရေးနယ်ပယ်၌ တံတိုင်းကြီးသဖွယ် အနှောက်အယှက် အတားအဆီးများ ဖြစ်နေတတ်သောကြောင့် ဖြစ်ပါသည်။ ထိုသို့ဖြစ်က ခင်မင်မှုမျှကိုပင် မရ၍ သာသနာပြုရာ၌ အခက်အခဲရှိလာနိုင်ပေသည်။

သာသနာပြုရဟန်းတော်သည် ဒုတိယဆင့်အနေဖြင့် မတူကွဲပြားသည့်အချက်များကို စာရင်းပြုစု၍ အသေးစိပ်လေ့လာထားရန်လိုပါသည်။ ထိုသို့တဖက်သားအကြောင်းကို သိရှိထားမှသာ ဆက်ဆံရေး၊ ဆွေးနွေးတိုင်ပင်ရေး၊ ဟောပြောရေးစသည့်နယ်ပယ်တို့၌

www.dhammaransi.com

ရှောင်တန်ရှောင်၊ ဆောင်တန်ဆောင်၍ အဆင်ပြေချော့မွေ့နိုင်ပေမည်။

ထပ်မံရှင်းလင်းပါဦးမည်။ အထက်တွင် ဖော်ပြခဲ့သော မတူစိတ်နှင့် တူစိတ်ဟုဆိုရာ၌ မတူစိတ်ဟူသည် 'ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ကိုးကွယ်သည့်ဘာသာစသည် အားဖြင့် ငါတို့နှင့် တူညီမှုမရှိ' ဟူသော လူတန်းစားခွဲခြား၍ သူစိမ်းဆန်သည့် အတွေးအမြင်စိတ်ဓာတ်များကို ဆိုလိုသည်။ လူသားအများစု၏ နှလုံးသား၌ ထိုကဲ့သို့သော အတွေးအမြင်များ ခိုအောင်းလျှက် ရှိနေတတ်ကြ၏။ ဤသည်မှာ စိတ်စွမ်းရည်၏ အနုတ်လက္ခဏာပင် ဖြစ်ပေသည်။ မွန်မြတ်သောနှလုံးသားပိုင်ရှင် သာသနာပြုရဟန်းတော်တို့ကား ထိုကဲ့သို့သော အတွေးအမြင်စိတ်ဓာတ်မျိုးကို လုံးဝဖျောက်ဖျက်ပစ်ကြရပေမည်။

တူစိတ်ဟူသည် လူမျိုး၊ ဘာသာစသည် အားဖြင့် ကွဲပြားကြသော်လည်း တိုင်းရင်းသားညီအစ်ကို မောင်နှမဟူသော မိသားစုစိတ်ဓာတ် အတွေးအမြင်စိတ်ဓာတ်မျိုးကို ဆိုလိုပါသည်။ ထိုသို့သောတူစိတ်ကို မွေးမြူနိုင်ပါက ပေါင်းသင်းဆက်ဆံရေးစသည့် နယ်ပယ်အရပ်ရပ်တို့၌ ဇာဖက်သား မကြိုက်သည့် လူတန်းစားခွဲခြားခြင်းစသည့် ဆန့်ကျင်ဘက်မတူစိတ်ဓာတ်မျိုးကို အလိုအလျောက် ပယ်ရှားပြီးရာ ရောက်ပေတော့သည်။ မဖြစ်မနေထားရှိရမည့် တူစိတ်ကိုမွေးမြူရာ၌ အထောက်အကူဖြစ်စေနိုင်သည့် အောက်ဖော်ပြပါ ကဗျာလေးကို ကျက်မှတ်ထားသင့်လှပေသည်-

**'ငါတို့ပြည်ထောင်စု'**

တောင်ပေါ်သားနှင့် မြေပြန့်ဆွေ<br>
ရင်းနှီးချစ်ကြည်ပေ။<br>
တောင်ပေါ်ဆွေနှင့်မြေပြန့်ဖွား<br>
ညီနောင်မွေးချင်းများ။<br>
စကားမတူ ကွဲပြားမှု<br>
ပြည်ချစ်စိတ်မှာတူ။<br>
အေးတူ ပူမျှ ဘယ်မခွဲ<br>
မေတ္တာခိုင်ခိုင်မြဲ။<br>
မယိုင်မလဲ ကြံ့ကြံ့ခိုင်<br>
ပင်လုံစိတ်ဓာတ် တို့မဏ္ဍိုင်။<br>
သက်ဆုံးတိုင်အောင် ညီညွတ်မှု<br>
ငါတို့ပြည်ထောင်စု။

**သာသနာ(၃)မျိုး**

သာသနာပြုရဟန်းတော်တို့သည် အခြေခံ

www.dhammaransi.com



အားဖြင့် သာသနာ(၃)မျိုးကို သိရှိထားသင့်ပါသည်။ ၎င်းတို့မှာ-

၁။ အမြင်သာသနာ

၂။ အသွင်သာသနာ


၃။ အကျင့်သာသနာတို့ပင်ဖြစ်ပါသည်။

ထိုတွင် အမြင်နှင့်အသွင်သည် ဒွန်တွဲ၍နေ၏။ အသွင်မရှိလျှင် အမြင်လည်းမရှိနိုင်တော့ပေ။ ဤနေရာ၌ အမြင်သည် တိုင်းရင်းသားများကို ကိုယ်စားပြု၍ အသွင်မှာမူ သာသနာပြုရဟန်းတော်များနှင့် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်ကို ကိုယ်စားပြုပါသည်။ ဆိုလိုသည်မှာ တိုင်းရင်းသားတို့၏ အမြင်၌ လေးစားကြည်ညိုမှုများ အလိုအလျောက် ပေါ်ပေါက်လာစေရန်အတွက် သာသနာပြုရဟန်းတော်သည် အသွားအလာ၊ အနေအထိုင်၊ အစားအသောက်စသည်တို့၌ အတတ်နိုင်ဆုံး သေခိယနှင့် လျော်ညီသည့် အသွင်ကို ဖော်ဆောင်၍ နေထိုင်ခြင်း၊ ကျောင်းတွင်း၊ ကျောင်းပြင်တို့၌ သန့်ရှင်းသပ်ရပ်အောင်ပြုပြင်ခြင်း၊ သစ်ပင်၊ ပန်းပင်များစိုက်ပျိုး၍ ကျောင်း၏အလှကို ဖော်ဆောင်ခြင်း၊ အထွတ်အမြတ်ထားရာ ဘုရားခန်း၌ ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်ထားရှိခြင်း၊ အများနှင့်ဆက်စပ်သည့် မီးဖိုချောင်နှင့် စားသောက်ပုဂံစသည်တို့ကို သန့်ရှင်းသပ်ရပ်စွာထားရှိခြင်း စသည့် နှစ်သက်ဖွယ်ရာအသွင်ကို ဖော်ဆောင်ခြင်းစသည်ကို ပြုလုပ်ရမည်ဟူ၍ ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့်အသွင်သာသနာကို ပြုရာရောက်ပေသည်။ ထိုမှတဆင့် တိုင်းရင်းသားတို့မြင်၍ ၎င်းတို့၏ ရင်တွင်း၌ တခဏမျှ ကြည်နူးသွားသည်ဆိုလျှင်ပင် အမြင်သာသနာကိုလည်း ပြုရာရောက်ပေတော့သည်။

အကျင့်သာသနာအနေဖြင့်မူ ဘုရားသောက်တော်ရေကပ်ခြင်း၊ ဆွမ်းတော်၊ ရေချမ်းတော်၊ ပန်းတော်နှင့် ဆီမီးများပုံမှန်ကပ်လှူခြင်း၊ သမထဝိပဿနာများ ပွားများအားထုတ်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း စသည်တို့ကို အတတ်နိုင်ဆုံး ပြုကျင့်လုပ်ဆောင်သွားရပေမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် မိမိ၏ သီလအား၊ သမာဓိအားတို့ကို တိုးတက်မြင့်မား စေနိုင်၍ ဝိပဿနာလမ်းစဉ်အတွက် အထောက်အပံ့ကောင်းလည်း ဖြစ်နိုင်ပေတော့သည်။

ရှင်ဇော(မန်းတက္ကသိုလ်)

# ကျေးဇူးကြီးလှ မိဘငှာ



ရွှေဝင်း (မြန်မာစာ)

"ကျေးဇူး" ဟူသည် "တစ်ဦးက အခြားတစ်ဦးအပေါ်တွင် ပြုသော အကျိုးဆောင်မှု" ဟု မြန်မာအဘိဓာန်တို့တွင် ဖွင့်ဆိုထားပါသည်၊ ကျေးဇူးတရားသည် သက်ရှိလောကမဆိုထားနှင့် သက်မဲ့လောက၌ပင်လျှင်ရှိ၏၊ ရေကန်သည် ကြာပန်း၏ကျေးဇူးကြောင့် တင့်တယ်၏၊ သစ်ပင်တို့သည် မိုး၏ကျေးဇူးကြောင့် ရှင်သန်သီးပွင့်ရသကဲ့သို့ သစ်ပင်တို့၏ ကျေးဇူးကြောင့် တောတောင်ရေမြေသဘာဝတို့ စိုပြေလှပ၏၊ ကျေးငှက်သာရကာတို့ မှီခိုရ၏၊ မိဘတို့၏ ကျေးဇူးတရားကား အနန္တပင်၊ "လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန်လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင့်မိုရ်မျှ၊ မကဂုဏ်သိရ်" ဟု ဆိုရလောက်အောင် ကြီးမားလှ၏။

သားသမီးတို့ရဲ့အပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနှင့်အမြဲ လွှမ်းခြုံနေသည့်အတွက် ဗြဟ္မာနဲ့တူကြောင်း၊ ထို့ပြင် သားသမီးတို့အား မိမိတို့ ဘဝတစ်သက်တာတွင် တွေ့ကြုံခံစားခဲ့ရတဲ့ လောကကြီးရဲ့ အကြောင်းတွေကို ဘဝသင်ခန်းစာအဖြစ် သဘောထားပြီး ဆောင်ရန်၊ ရှောင်ရန်တို့ကို သင်ကြားပြသ လမ်းညွှန်ပေးတတ်ကြ၏၊ လောကကြီး၏ အကြောင်းတွေကို ညွှန်ပြ

www.dhammaransi.com



ပေးတတ်ပြီး သွန်သင်ဆုံးမတတ်လို့ "လက်ဦး ဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိန့်ငြဘ"ဟု ခေါ်ဆိုထိုက်ကြောင်း၊ သားသမီး၊ မြေးမြစ်တို့က အဝေးကပင် တကူးတက ယူဆောင်လာတဲ့ စားဖွယ်၊ သောက်ဖွယ်၊ အဝတ်အစား၊ ဆေးဝါးစသည်တို့ကို ခံယူထိုက်၊ အလှူခံထိုက်ပြီး သားသမီးတို့ရဲ့ အပြုအစု အယုအယကို ခံထိုက်လို့ **အာဟုနေယျ** ဂုဏ်နှင့်လည်း ပြည့်စုံသူတွေဖြစ်ကြောင်းကို ထင်ရှားစေရန် ဗုဒ္ဓဘုရားရှင်က

"ဗြဟ္မာတိ မာတာပိတရော၊ ပုဗ္ဗာစရိယာတိ ဝုစ္စရေ၊

အာဟုနေယျာစ ပုတ္တာနံ၊ ပဇာယ အနုကမ္ပကာ" ဟု ဂါထာအသွင် စာတမ်းဆင်၍ ဟောကြားတော်မူခဲ့ပါသည်။ မှန်ပါသည်၊ မိဘတို့သည် မိခင်၏ဝမ်းကြာတိုက်၌ ကလလ ရေကြည် တည်သည်မှစ၍ မွေးဖွားသည့် အချိန်ထိ တို့ရင်သွေးလေး ကျန်းကျန်းမာမာနဲ့၊ ခြေလက်အင်္ဂါပြည့်စုံစွာဖြင့် မွေးဖွားလာပါစေလို့ မေတ္တာပွားရတာအမောပါ၊ မွေးဖွားပြီးလို့ ပုခက်အတွင်းမှာ "အူဝဲ" ဆိုတဲ့ ငိုသံလေးကြားလိုက်တာနဲ့ သေးစိုနေလို့လား၊ ခြင်ကိုက်လို့လား၊ နို့ဆာလို့လားဆိုတဲ့ အတွေးနဲ့ အပြေးအလွှားသွားကာ ချော့မြူကြရတာဟာ မိခင်တို့၏ ကရုဏာကို ထင်ဟပ်စေပါသည်၊ ထို့အတူ သားသမီးတို့ကို စိတ်အေးချမ်းသာစွာဖြင့် မိခင်က အနီးကပ်ပြုစု ယုယနိုင်အောင် ဖခင်များကလည်း လိုအပ်သော စားစရာ၊ နေစရာ၊ ဝတ်စရာ၊ ဥစ္စာနေစသည့် လိုအပ်ချက်တို့ကို လိုလေးသေးမရှိ ရှာဖွေပေး၏၊ အန္တရာယ် တစုံတရာ မကျရောက်အောင် စောင့်ရှောက်ပေး၏။

ထို့ကြောင့်ပင် မိဘတို့၏ကျေးဇူးကား "မိကိုလက်ယာ၊ ဖကိုလက်ဝဲ၊ အမြဲဆောင်ရွက်၊ ပခုံးထက်တွင်၊ တင်လျက်လုပ်ကျွေး၊ မပြတ်မွေးလည်း၊ ကျေးဇူးဂုဏ်ဆိုင်၊ မကုန်နိုင်ဘူး"ဟု မန်လည်ဆရာတော်က မဃဒေဝလင်္ကာတွင် မိန့်ဆိုခဲ့ခြင်းဖြစ်ပါသည်။ အရာရာတွင် နှိုင်းယှဉ်၍မရ တုပ၍မမှီသော မိဘတို့၏ ကျေးဇူး၊ မိဘတို့၏ မေတ္တာတရား၊ အဇ္ဈောကောင်းကင် ပေလွှာသွင်နေ၊ မြင့်မိုရ်မေရုကလောင်ပြု၍၊ သမုဒ်မင်ရေဖျော်ကာ ကျေးဇူးရှင် မိဘနှစ်ပါးတို့၏ ကျေးဇူးတရားတို့ကို စာစီကုံးလျှင်လည်း ဆုံးအံ့မထင်၊ အနန္တဂိုဏ်းဝင် အနှိုင်းမဲ့ကျေးဇူးရှင်တို့ပါတကား။

မိဘတို့သည် မည်သူမည်ဝါဟု မျှော်လင့်

www.dhammaransi.com

မထားဘဲ မိမိတို့၏ရင်ခွင်တွင် ရောက်ရှိလာသည့် ရင်သွေးငယ်တို့ကို ""မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်"" ကို ပန်းသည်မထင်၊ မောသည် မတွေးဖြည့်ဆည်းပေးကြ၏။ ဖခင်က ရေစီးအသွင် တသွင်သွင်ရှာ၊ မိခင်က ဆယ်သည့် ကန်သင်းပမာ ဝင်ငွေထွက်ငွေ မျှတအောင် ထိန်းသိမ်းပေး၏၊ ရှုကြည့်မညီး သားသမီးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအဝဝကို လူပုံအလယ်တွင် မျက်နှာမငယ်ရအောင် ဖြည့်ဆည်းပေးကြ၏။

မိဘတို့၏မေတ္တာကား အပရိမာဏမေတ္တာပေတည်း၊ လူသားမိဘမဆိုထားဘိ အဟိတ်တိရစ္ဆာန်ဖြစ်သော မိဘတို့သည်ပင် အပရိမာဏအနှိုင်းမဲ့၏၊ ကျားသတ္တဝါသည် အခြားသတ္တဝါများ၏အပေါ်တွင် မည်မျှပင်ကြမ်းတမ်းရက်စက်တတ်စေကာမူ သူ၏သားသမီးအပေါ်တွင် တိုင်းတာ၍မရသော နူးညံ့သိမ်မွေ့သော အေးမြသောမေတ္တာတရားဖြင့် လွှမ်းခြုံ၍ စောင့်ရှောက်တတ်၏၊ အဟိတ်တိရစ္ဆာန်ဖြစ်သော မိဘတို့၏ကျေးဇူးသည်ပင် ဆပ်၍ မကုန်နိုင်။ ကျွန်ုပ်တို့တစ်တွေသည် အရှေ့တိုင်းတွင် လူဖြစ်ခွင့်ရကြ၍ မိဘတို့၏အနှိုင်းမဲ့ ကျေးဇူးတရား၊ မေတ္တာတရားတို့ကို သိခွင့်ရကြ၏၊ မိဘနှစ်ပါးရဲ့ အပေါ်မှာ မည်သို့မည်ပုံ ကျေးဇူးဆပ်ရမည်ကို သိခွင့်ရ၏၊ မိဘတို့က သားသမီးတို့အပေါ်တွင် ထားရှိသော မျှော်လင့်ချက်ငါးမျိုးကိုလည်း အင်္ဂုတ္တရနိကာယ်တွင် ဟောကြားထားကြောင်း သိခွင့်ရသကဲ့သို့ ပြန်လည်ပြုကျင့် စောင့်ရှောက်ရမည့်သားသမီးတို့၏ ကျင့်ဝတ်ငါးဖြာကိုလည်း သိခွင့်ရ၏၊ ဆပ်ခွင့်ရကြ၏၊ သိခွင့် ဆပ်ခွင့်ရသည့်အတိုင်း လိုက်နာကျင့်သုံးကြရမည်၊ မိမိတို့တတ်စွမ်းသမျှဖြင့် ပြန်လည် ကျေးဇူးဆပ်ကြရမည်။ ဘုရားလောင်းသုဝဏ္ဏသာမသည် မျက်မမြင်မိဘနှစ်ပါးတို့ကို ရေပူရေချမ်း ကမ်းလှမ်းကာ ဘုရားတစ်ဆူ ဂူတစ်လုံးပမာ ပြုစုစောင့်ရှောက်ခဲ့သည့်အတွက် ပီဠိယက္ခမင်း၏ မြားဆိပ်သင့်ခဲ့သော်လည်း သေကံမရောက် သက်မပျောက်ခဲ့ပေ၊ နတ်ဒေဝါတို့၏ အစောင့်အရှောက်ကိုပင်ရခဲ့၏။

အချုပ်အားဖြင့်ဆိုရသော် ရာသီတွေဘယ်လိုပင် ပြောင်းစေအုံးတော့ မိဘတို့၏ မေတ္တာတရားကား ပြောင်းလဲရိုး ထုံးစံမရှိ။ မိဘတို့၏ မေတ္တာတရားကို လူတကာတို့

**စာမျက်နှာ(၅၄)သို့**

www.dhammaransi.com



# နောင်မှတခဲ့ရသည့်အပြစ်

မောင်သာ (ဒဿန)

လောကလူ့ရွာ၌ အမှုမဲ့အမှတ်မဲ့ ပေါ့ပေါ့တန်တန်လုပ်ခဲ့ကြ၍ မရှုနိုင်မကယ်နိုင် ဖြစ်ခဲ့ရသည့် သာဓကများက အများအပြားပင်ရှိခဲ့ကြ၏။ ဤအကြောင်းကို ပြန်ပြောင်းသတိရနေသည်မှာ ကိုယ်တွေ့ကြုံရမှုပင်ဖြစ်သည်။

ကျွန်တော့်မှာ သားငယ် သမီးငယ် ကျောင်းသား(၂)ယောက်ရှိ၏။ သားငယ်က ပြောစရာမလို၊ ကျောင်းစာနဲ့ ပတ်သက်ရင် ထမင်းစားဖို့တောင် အမှုမထား။ သမီးငယ်ကျတော့ ဒီလိုမဟုတ်၊ ကျောင်းသွားပြန်လာ စားမယ်၊ အိပ်မယ်။ စာကျက်ဖို့ကို မနည်းတိုက်တွန်းနေရတယ်။ ဒါကြောင့်လဲ "နောင်တ" မရ စေချင်ပါ။ နောင်တဆိုတာ နောင်မှတရတော့ နောက်ကျခဲ့လေပြီ။ ပြင်၍မရစကောင်းပေ။

မိမိလုပ်ရမည့်အလုပ်ကို နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အချိန်နှင့်တပြေးညီ မိမိဖက်က ပြီးစီးအောင် ဆောင်ရွက်ထားကြရမည်သာ ဖြစ်သည်။ လုပ်သင့်တာကို အချိန်မီလုပ်ထားခြင်းသည် အကောင်းဆုံးဖြစ်၏။

မြန်မာဆိုရိုးများရှိပါ၏။ "အမှိုက်ကစ ပြာသာဒ်မီးလောင်"၊ "အစ မကောင်း အနှောင်း မသေချာ"၊ "ပျားရည်တစ်စက်ကြောင့် ပြည်ပျက်"တဲ့။ ဘယ်အရာမဆို အချိန်နှင့်တပြေးညီ ဆောင်ရွက်လိုက်လျှင် ပြီးပျောက်နိုင်၏။ အနည်းငယ်မျှဟူ၍လည်းကောင်း၊ အရေးမကြီးပါဟူ၍လည်းကောင်း ပေါ့ဆ၍မရပါ။ ထို့အတူ အနည်းငယ်လောက် မဆိုစလောက်ပါလို့ အမှုမဲ့ အမှတ်မဲ့ မထားသင့်ပါ။ သို့မဟုတ်ပါက အပ်နှင့် မထွင်းဘဲ ပုဆိန်နှင့်ထွင်းသည်လည်း အများအပြားသိခဲ့ရပါ၏။

ဒါနဲ့ပတ်သက်ပြီး စဉ်းစားကြည့်မိ၏။ မြန်မာ့ယဉ်ကျေးမှုနှင့် ယုံကြည်မှုတွင် လောကီရေးရာကတော့ တစ်ဘဝအတွက်သာ အကျိုးသက်ရောက်မှုရှိမည်။ လောကုတ္တရာအရေးမှာမူ အနည်းငယ်မျှကိုသော်လည်း အချိန်မီ မပြင်ဆင် မပြုလုပ်ခဲ့လျှင် သံသရာမည်မျှ ဘဝပေါင်းမည်မျှ အကျိုးပေးလိမ့်မည်နည်း။

လူသားတိုင်းသည် အချိန်ရှိစဉ်က အလေးအနက်မထား ပေါ့ပေါ့ဆဆ နေတတ်ကြသည်။ မိမိတို့တွင် လျှုနိုင်တန်းနိုင် ကျွေးနိုင်

www.dhammaransi.com



မွေးနိုင် အခွင့်အခါကြုံပါသော်လည်း ဝန်တိုမှု "မစ္ဆရိယ"များဖြင့်သာ အချိန်ကုန်ခဲ့ကြသည်သာ များသည်။ အခွင့်အရေးဟူသည် တစ်ခါသာရမည်ကို မေ့လျော့နေတတ်၏။ သားဒုက္ခရောက်မှ အခက်အခဲကြုံမှ "ငါမလုပ်မိလေခြင်း၊ ငါမလုပ်ခဲ့ရလေခြင်း"ဟူသော နောင်တရတတ်ကြပေသည်။ ဒါကြောင့်လည်း "ခလုတ်ထိမှ အမိတ၊ လူမိုက်နောက်မှ နောင်တရ"ဟူသော ဆိုရိုးစကား ရှိပေသည်။

နောင်တနှင့်ပတ်သက်၍ နောင်တတရား(၁၀)ပါးရှိကြောင်း လေ့လာသိရှိရပါသည်-

(၁) ငယ်စဉ်က ပညာမသင်ကြားခြင်း၊

(၂) ဥစ္စာစုစောင်းမှု မပြုခြင်း၊

(၃) လူနှစ်ဦးအချစ်ကို ဖျက်ဆီးခြင်း၊

(၄) သူတစ်ပါးအသက်ကို သတ်၍ စားသောက်ခြင်း၊

(၅) သူတစ်ပါးဇနီးကို ပစ်မှားခြင်း၊

(၆) ပစ္စည်းရှိလျှင် အနည်းငယ်မျှ မပေးလှူခြင်း၊

(၇) မိဘကို မပြုစုခြင်း၊

(၈) ဆုံးမစကား မနာကြားခြင်း၊

(၉) ပညာရှိထံနည်းခံမှတ်သားမှု မပြုခြင်း၊

(၁၀)မြတ်သောအကျင့်ကို မကျင့်ခြင်း၊

ဤဖော်ပြပါ နောင်တ တရား(၁၀)ပါး အနက် မိဘကို မပြုစု မလုပ်ကျွေးခဲ့၍ မိဘစကားနားမထောင်ခဲ့၍ နောင်တရပူပန်မှု ခံစားရသည် အများအပြား ရှိခဲ့ကြသည်။

မိဘကျေးဇူးဆပ်ရာတွင် သာမန်ပုဂ္ဂိုလ်များ၊ လောကုတ္တရာနည်းဖြင့် ကျေးဇူးဆပ်ရန် စွမ်းဆောင်ဖို့ ခက်ခဲမည်ဖြစ်ပါသည်။ လောကီနည်းအားဖြင့် သားသမီးတာဝန်ကျေပွန်အောင် ပြုစုလုပ်ကျွေးခြင်းဖြင့် ကျေးဇူးဆပ်ကြရမည် ဖြစ်ပေသည်။

မိဘစကား နားထောင်သူ၊ မိဘကို ပြုစုလုပ်ကျွေးစောင့်ရှောက်သူသည် ယခုဘဝ၌လည်း ပညာရှိတို့ ချီးကျူးခံရ၏။ တမလွန်၌လည်း ကောင်းရာသုဂတိသို့ ရောက်ရှိကြရပေသည်။

ဒီနေရာမှာ စကားစပ်၍ တင်ပြချင်ပါသည်။ မိဘစကားနားမထောင်၍ ခါးပိုက်နှိုက်ခံရသော သမီးငယ်အကြောင်း စပ်မိ၍ ရေးပြလိုက်ပါဦးမည်။ တက္ကသိုလ်ကျောင်းသူဖြစ်တော့လည်း သူ့သူငါငါ လက်ကိုင်ဖုန်းလေးတွေနဲ့ သူလည်းလိုချင်တယ်ပူဆာလို့ ဝယ်ပေးလိုက်ပါသည်။ ပြီးတော့ အမေဖြစ်သူက လမ်းသွားရင်း အရေးမကြီးဘဲ မသုံးနဲ့၊ သိချင်း

www.dhammaransi.com



တွေ နားမထောင်နဲ့။ အန္တရာယ်ရှိတယ်၊ သေသေချာချာသိမ်း၊ လိုမှသုံးပေါ့။

မိဘကပြောလည်း မောယုံပါပဲ။ ယနေ့ လူငယ်တွေဟာ သူတို့ထင်ရာလုပ်တတ်ကြတယ်။ နောက်ဆုံး မိဘစကားနားမထောင်တဲ့ အတွက် ဖုန်းတစ်လုံး ခါးပိုက်နှိုက်ခံရပြီ၊ အခု သူရလိုက်တာက နောက်တပါပဲ။

တစ်ခါက ဗာရာဏသီပြည်တွင် ဝန်တိုမှု မစ္ဆရိယမရှိသော အလှူရှင်ဖြစ်သော အလှူခံတို့၏ အချင်းအရာကို သိတတ်သော နန္ဒိယမည်သော ဥပါသကာသည်ရှိ၏။ ထိုကောင်းမှုကြောင့် အလွန်လှပတင့်တယ်သော နတ်သားနတ်သမီးအပေါင်း ခြံရံလျက် နေအရောင်ကဲ့သို့ တောက်ပသော နှလုံးမွေ့လျော်ဖွယ်ဖြစ်သော နတ်ဗိမာန်၌ မွေ့လျော်ခံစားရ၏။

ထိုနန္ဒိယ ဥပါသကာတွင် ရေဝတီမည်သော အလွန်ယုတ်မာသော အကျင့်ရှိသော အလှူခံကို ပေးလှူခြင်းမရှိသော၊ ဝန်တိုမစ္ဆရိယများသော၊ ကောက်ကျစ်စဉ်းလဲသော၊ မဟုတ်မမှန်ပြောဆိုတတ်သော ဇနီးသည်ရှိ၏။

ထိုရေဝတီ သေလွန်သော် ယမမင်း၏ တမန် ငရဲသားတို့က တာဝတိံသာသို့ ခေါ်ဆောင်၍ နန္ဒိယဥပါသကာ၏ နတ်ဗိမာန်ကို ပြ၏။ အလွန်နှစ်သက်ရကား အကျွန်ုပ်သည် နန္ဒိယဥပါသကာ၏ မယားဖြစ်ပါသည်။ ယခု အခါ၌ ဤဗိမာန်၌ မွေ့လျော်ပါအံ့ဟုဆို၏။ သင်၏မကောင်းမှုများသည် ငရဲ၌သာ ရအပ်၏လို့ ငရဲသားတို့က ပြော၏။

ထိုအခါ ရေဝတီသည် ကျွန်ုပ်ကို လူ့ပြည်သို့ပြန်ပို့ပါ။ အကြင်ကုသိုလ်ကိုပြုကုန်၍ ချမ်းသာခြင်းသို့ ရောက်ကုန်၏။ နောင်အခါ၌ အဖန်တလဲလဲ ပူပန်မှု(နောင်တ)လည်းမရှိကုန်။ အကျွန်ုပ်သည် အလှူပေးခြင်းဖြင့်လည်းကောင်း၊ အညီအညွတ်ကျင့်ခြင်းလည်းကောင်း၊ ဣန္ဒြေကို ဆုံးမခြင်းဖြင့်လည်းကောင်း၊ များစွာသော ထိုကုသိုလ်ကို ပြုပါတော့အံ့ဟု တောင်းဆိုလေ၏။

သို့သော် "နောင်တ" သည်ကား နောင်မှ တရ၍ နောက်ကျခဲ့လေပြီ။ ရေဝတီတစ်ယောက် ကြောက်မက်ဖွယ်ကောင်းသော ငရဲမှ မလွတ်တော့ပါ။

ဒါကြောင့်လည်း ကျွန်တော်တို့ အားလုံးသည် မည်သည့်ကိစ္စမဆို အနည်းငယ်မျှဟူ၍လည်းကောင်း၊ အရေးမကြီးလောက်ပါဘူးဟူ၍လည်းကောင်း၊ သဘောမထားဘဲ "အမှိုက်ကစ ပြာသာဒ်မီးလောင်" တာမျိုး မရှိရလေအောင် လုပ်သင့်သည့်အချိန်မှာ အလေးအနက်ထား လုပ်ဆောင်ကြရင် "နောင်မှ တရမည့် နောင်တတရားကို "ဖယ်ရှားနိုင်ကြပါစေ။

မောင်သာ(ဒသဿန)

www.dhammaransi.com



# နှုတ်မြွက်စကား ကြားဖူးခဲ့ရသော အလှရှင် အမ္ဗပါလီ

■ တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီအေ)

■ ပန်းချီတင်ထွန်းထွန်း

အမ္ဗပါလီသည် ဝေသာလီပြည်၌ အလှဂုဏ်ဖြင့် ထင်ရှားသော ပြည့်တန်ဆာမတစ်ဦး ဖြစ်လေသည်။

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com






www.dhammaransi.com



www.dhammaransi.com




သူမသည် မိမိ၏ဘဝ ပြည့်တန်ဆာမ ဖြစ်ရခြင်း အကုသိုလ်အပြစ်ကို ဤသို့ ပြန်လည်မိန့်ကြားခဲ့၏။
သူမသည် သိခိဘုရားရှင်လက်ထက်တွင် အမျိုးကောင်းသမီးဖြစ်ကာ သာသနာ ဘောင်ဝင်ကာ ရဟန်းမ ပြုခဲ့၏။ တစ်နေ့တွင် အဖော်ရဟန်းမ များနှင့်အတူ စေတီကို ရှိခိုးဦးချိုက်ပြီး လက်ျာရစ်ပူဇော်စဉ် ရှေ့က သွားနှင့်သော ရဟန္တာ ထေရီမ တစ်ပါးသည် နှာချေ သဖြင့် နှာရေပေါက်သည် အမှတ်တမဲ့ ထွက်ကျ လေသည်။
ဟတ်ချိုး
၃၈

www.dhammaransi.com



www.dhammaransi.com



# ဘုရားဂုဏ်တော်အစွမ်း

နိုင်ကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

ဘုရားဂုဏ်တော်ကို အမျိုးမျိုး ပွားများကြသည်။ ပွားများလို့အချိန်ကလေးရလာယင် အကျိုးပေး ထင်ရှားလာသည်။ ဂုဏ်တော်ပွားများသူသည် သီလလုံခြုံမှုရှိရမည်။ လုပ်ဆောင်ချက်ဆောင်ရွက်ချက် မှန်ကန်ရမည်။ အကျင့်စရဏ အားကောင်းလာယင် မိမိလိုချင်သော အရာများ ဖြစ်ပေါ်လာပါမည်။

စာရေးသူတို့ ဇနီးမောင်နှံ နှစ်ဦးသည် ရန်ကုန်သို့ရောက်လာသည်။ အိမ်ငှါးနေရသည့်ဘဝ။ အိမ်တစ်အိမ်၏အောက်တွင် ငှါးနေသည်။ လူနှစ်ယောက်နေလောက်ရုံကလေး ဖြစ်သည်။ အလွန်ကျဉ်းကျပ်သည်။ နေရတာအသက်ရှူမဝဟုပင် ပြောနိုင်သည်။ စာရေးသူနှင့်သိကျွမ်းသူလူတစ်ယောက် အိမ်သို့ရောက်လာပြီး သူ၏ပြောပုံက ဒါလူနေတာမဟုတ်ဘူးတဲ့။ စာရေးသူက စိတ်ကိုဖြေလိုက်ပါသည်။ ဟုတ်ပါတယ်လေ။ သူပြောတာ မှန်ပါတယ်။ ငါကကံနည်းသေးတာကိုး။

အာဝါသ၏အရိပ်အရောင်သည် လူကိုတောက်ပြောင်စေ၏ အဆိုအရ၊ စာရေးသူတို့ နေရတာ မတောက်ပြောင်သည့်အပြင် လူတကာအထင်သေးစရာ ဖြစ်နေသည်။ သို့အတွက် ဂုဏ်တော်ကို တနည်းနည်းဖြင့် ကြိုးစားအားထုတ်မှ ငါတို့ဘဝအဆင်ပြေနိုင်မယ်လို့ သဘောပေါက်လာသည်။

တစ်နေ့ အမျိုးသမီး၏ သူငယ်ချင်းမိုးမိုး ရောက်လာသည်။ နင်တို့ကို ကြည့်ရဒါ စိတ်ဆင်းရဲလိုက်တာ။ ငါပြောတဲ့ ဂုဏ်တော်ပုတီးကို စိပ်ပါ။ ယုံကြည်ပါ။ အကျိုးပေးကောင်းတယ်။

စာရေးသူသည် သူပြောတဲ့ဂုဏ်တော်ပုတီးကိုလေ့လာမိသည်။ ဂုဏ်တော်ကို ပွားတဲ့အခါ အာစိဏ္ဏကံအားကောင်းတာတွေ့ရသည်။ ဒီနေ့ပုတီးစိပ်ပြီးယင် နောက်နေ့ ဘာဂုဏ်တော်ကို စိပ်ရမလဲ စဉ်းစားထားသည်။ ဗုဒ္ဓဟူးနှင့်စနေညနေပိုင်းဂုဏ်တော်ပုတီးကို ပိုပြီးသတိထားရသည်။ မေ့တတ်လို့ ဖြစ်သည်။

အလုပ်တစ်ခုကို လုပ်တော့မယ်ဆိုယင် စိတ်ရှည်ရမယ်။ ဖွဲသန်ရမယ်။ အခုလုပ် အခု ဘယ်ဖြစ်ပါ့မလဲ။

www.dhammaransi.com



စာရေးသူတို့ ဇနီးမောင်နှံနှစ်ဦးသည် ကမ္ဘာအေးဝင်းရှိ စေတီကလေးတွင် စတင်ပြီး အောက်ဖော်ပြပါ ဂုဏ်တော်ပုတီးကို အဓိဋ္ဌာန် ဆောက်တည်ပြီး စိပ်ပါသည်။

ဘုရားတွင် ငါးပါးသီလယူပါသည်။ ပြီး လျှင် တပည့်တော်သည် မသိမလိမ္မာ ဟိုးယခင် အခါကစ၍ ယခုအချိန်အထိ မပြစ်မှားသင့် မပြစ်မှားထိုက်သော ပုဂ္ဂိုလ်များတို့ကို ကာယကံ ဝစီကံ မနောကံ တို့တွင် တစ်ပါးပါးသောကံ ဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည်ရှိသော် ထိုအပြစ် တို့မှ ပျောက်ပါစေခြင်းအကျိုးငှါ တပည့်တော် ဝန်ချတောင်းပန်ပါ၏ဘုရား။ ကျေပတော်မူပါ ဘုရား။

တပည့်တော်အပေါ်၌ ပြစ်မှားမိသော ပုဂ္ဂိုလ်များရှိခဲ့ပါကလည်း တပည့်တော်ကျေပ ပါ၏ဘုရား။

ဒီနေ့ တနင်္ဂနွေနေ့ကစ၍ လာမည့် စနေနေ့ တိုင်အောင် ၇-ရက်တိတိ၊ ၇-ရက်တိုင်တိုင် ဘုရားဂုဏ်တော်ကိုးပါးတို့ကို ဂြိုဟ်သက်အလိုက် နေ့စဉ်နေ့စဉ် ပွားများအားထုတ်ပါမည်ဟု အဓိဋ္ဌာန်ပြုပါ၏ဘုရား။

ဒီနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည့်အတွက် တနင်္ဂနွေနေ့ဖွား ဘုရားရဟန္တာအရှင်မြတ်များ အား ရည်မှန်း၍ အရဟံဂုဏ်တော်ကို တနင်္ဂနွေ ဂြိုဟ်သက်အလိုက်(၆)ပတ်စိပ်၍ ပူဇော်ပါမည် ဘုရား။

အရဟံလူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် အလှူတော်နှင့် ပူဇော်ခြင်း အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား (၆-ပတ်ပြည့်သည့်အခါ) ဒီနေ့သည် တနင်္ဂနွေ နေ့ဖြစ်သည့်အတွက် တနင်္ဂနွေနေ့ဖွား ဘုရား ရဟန္တာအရှင်မြတ်များအား ရည်မှန်း၍ အရဟံ ဂုဏ်တော်ကို တနင်္ဂနွေဂြိုဟ်သက်အလိုက် ၆- ပတ်စိပ်၍ ပူဇော်ပြီးပါပြီဘုရား။

ဤသို့ ပူဇော်ရသောကောင်းမှုကံကြောင့် ( )ဖြစ်နိုင်တာ တစ်ခုဆုတောင်းပါ။

တနင်္ဂနွေ အရဟံ ၆-ပတ်

တနင်္လာ သမ္မာသမ္ဗုဒ္ဓေါ ၁၅-ပတ်

အင်္ဂါ ဝိဇ္ဇာစရဏသမ္ပန္နော ၈-ပတ်

ဗုဒ္ဓဟူး သုဂတော နံနက်ပိုင်း ၁၇-ပတ်

ညနေပိုင်း လောကဝိဒူ ၁၂-ပတ်

ကြာသာပတေး အနုတ္တရောပုရိသဒမ္မသာ ရထိ ၁၉-ပတ်

သောကြာ သတ္ထာဒေဝ မနုဿာနံ ၂၁- ပတ်

စနေ ဗုဒ္ဓေါ ၁၀-ပတ်

ညနေပိုင်း ဘဂဝါ ၁၁-ပတ်

www.dhammaransi.com

တပည့်တော်သည် ပြီးခဲ့သည် တနင်္ဂနွေနေ့မှစ၍ ဒီနေ့ စနေနေ့တိုင်အောင် ဘုရားဂုဏ်တော်ကိုးပါးတို့ကို ပြုဟ်သက်အလိုက် နေ့စဉ်နေ့စဉ်ပွားများအားထုတ်ပါမည်ဟု အဓိဋ္ဌာန်ပြုခဲ့သည်မှာ ယခုအခါပြီးမြောက်အောင်မြင်ပါပြီဘုရား။

ဤသို့ အောင်မြင်အောင် အားထုတ်ရသောကုသိုလ်ကောင်းမှုကြောင့် (    )ရပါလို၏အရှင်ဘုရား။

- အောင်မြင်သည်အထိ ကြိုးစားအားထုတ်ပါ။ စာရေးသူတို့ ရည်မှန်းချက်ပြည့်အောင် (၇)လကြိုးစားအားထုတ်ရပါသည်။

အသိအကျွမ်းထဲမှ ဦးမှာဆိုသူအမျိုးသမီးတစ်ယောက်။ သူ့အိမ်ကိုအလည်သွားသောအခါ ယင်ခေါင်းကို တော်တော်ငုံ့ထားရသည်။ သူများအိမ်အောက်ထပ်မှာ ငှါးနေပြီး ဘိနပ်လုပ်ငန်းလုပ်သည်။ ထိုင်နေယင် အကောင်း၊ မတ်တပ်ထယင် အိမ်အပေါ်ဆင့်နှင့် ခေါင်းတိုက်မိသည်။

ဒီတော့ ဦးမှာ ငါပြောတဲ့ ဂုဏ်တော်ပုတီးကို စိပ်ကြည့်ပါ။ နင်တို့ မိသားစုတွေ ဒီဒုက္ခမှလွတ်မယ် ကြိုးစားပါပြောပြီး ဂုဏ်တော်ပုတီးစိပ်ခိုင်းထားခဲ့သည်။ ဒီဂုဏ်တော်ပုတီးက စိတ်ရှည်ဖွဲ့သန်မှ ဖြစ်သည်၊ အပျင်းထူလို့ကတော့ မဖြစ်နိုင်ပါဘူး။ ဦးမှာက ရက်အနည်းငယ်ဘဲ ပုတီးကိုစိပ်ဖြစ်တယ်။ စိတ်မပါဖြစ်နေတယ်။

တစ်ညအိပ်မက်ထဲမှာ လာပြောသည်။ သူများတွေ ဒီဂုဏ်တော်ပုတီးစိပ်လို့ ဟောဟိုမှာကြည့်စမ်း၊ တိုက်တွေ၊ ကားတွေ၊ ရွှေတွဲလဲ၊ ငွေတွဲလဲနဲ့ ဖြစ်ကုန်ကြပြီး နင်အားမကျဘူးလား။ ဒီအခါ ဦးမှာဆိုသူအမျိုးသမီးက လန့်နိုးပါသည်။

ငါတို့ကို အကျိုးပေးဘို့လာပြီး အိပ်မက်ပေးတာဘဲဆိုပြီး ဒီဂုဏ်တော်ပုတီးကို အသေအချာ စိပ်လိုက်တာ မကြာခင်မှာဘဲ ထီလဲပေါက်တယ်၊ စီးပွားလဲဖြစ်တော့ အိမ်သစ်တစ်လုံးဝယ်၊ အိမ်တက်ဆွမ်းကျွေးဖိတ်လို့သွားရောက်အားပေးသည်။

ဟုတ်ပါတယ်။ ဂုဏ်တော်ကြောင့် ကုသိုလ်ကံက အကျိုးပေးတော့ ဘဝက တခါထဲကိုပြောင်းလဲသွားတာဘဲ။ ဝမ်းမြောက်စရာကောင်းလိုက်တာ။ အံ့သြကုန်နိုင်ဘွယ်ကဲ မယုံချင်နေ။

ဘုရားဂုဏ်တော်တွေကို ကြိုးစားပွားများအားထုတ်နိုင်ကြသဖြင့် လိုရာပန်းတိုင်သို့မြန်မြန်ဆန်ဆန် ရောက်ရှိနိုင်ကြပါစေ။

**နိုင်ကြည်မြင့်**
**သာသနဓဇဓမ္မာစရိယ**

www.dhammaransi.com



# အသည်း အသက်ကို ရင်း၍

ပြည့်သခင်

''အမလေးအမေရဲ့ ထကြည့်လှည့်ပါဦး။ ဒီမှာ အမေ့သား ဘုန်းကြီးလူထွက် ဓမ္မာစရိယ (B.A) ဘွဲ့ရ စာတတ် ပေတတ်အလိမ္မာ တုံးကြီး ကိုအေးလွင်ဦး အမေ့ခြေရင်းကို ရောက်နေပြီလေ အမေရဲ့၊ 'ဘာများလိုအပ် သေးလဲ'လို့ ထမေးလိုက်ပါဦး အမေရဲ့ ''

ဒေါ်အေးနွဲ့၏ရုပ်အလောင်းဘေးတွင် သမီး ဖြစ်သူ နွဲ့ဒါလီသည် အားပါးတရ ရှိုက်ကြီး တငင်ငင် ငိုနေလေ၏။ ရိုးရိုးငိုသည်တော့ မဟုတ်။ သူ၏အစ်ကိုကြီး အေးလွင်ဦးကိုပါ ထည့်သွင်း စောင်းချိတ်၍ ငိုခြင်းဖြစ်၏။ အေးလွင်ဦးက မျက်ရည်လည်းမကျ စကား လည်းမပြော၊ သူမရောက်ခင်ကတည်းက အသက်ပျောက်နှင့်ပြီးဖြစ်သော မွေးသမိခင် ကျေးဇူးရှင်ကြီး၏ ခြေထောက်အစုံကိုသာ အဓိပ္ပါယ်များစွာဖြင့် တင်းကြပ်စွာ ဆုပ်ကိုင် ထားလေ၏။ အသုဘရှုလာကြကုန်သော ရပ်ဝေး ရပ်နီးမှ မိတ်ဆွေများကလည်း မျက်နှာမသာ မယာဖြင့် ငေးငိုင်ကာ နေကြလေ၏။

တစ်ချိန်က . . . .။

အရှင်ဣန္ဒာစက္ကသည် သက်တော်ရွယ် တော်အားဖြင့် ငယ်သေးသော်လည်း ၎င်း၏ အပြောအဟောကောင်းမှု၊ ပဋိကတ်စာပေကျွမ်း ကျင်မှု၊ အနေအထိုင်တည်ကြည်မှုတို့ကြောင့် သာယာအေးရွာနှင့် အနီးဝန်းကျင်နယ်တစ်ကြော တွင် ကြည်ညိုလေးစားသူ ပေါများခဲ့လေ၏။ အထူးသဖြင့် သူ့တွင် စိမ်းစိုသော ဦးပြည်း၊ တောက်ပသော မျက်လုံး၊ နီးမြန်းသော နှုတ် ခမ်း၊ ဖြူဖွေး ညီညာ သွယ်တန်းသော သွား၊ ဝင်းဝါသော အသားအရေသာမက သာယာ နာပျော်ဖွယ် နှစ်လိုဖွယ်ကောင်းသော အသံ တော်ပါရှိလေရာ သားရှိသော၊ မရှိသော မိခင် တိုင်းက 'ငါ့သားလေးသာဖြစ်ခဲ့ရင် ကောင်းမှာ ပဲ'ဟု ကျိတ်၍တစ်မျိုး ဖွင့်ဟ၍တစ်ဖုံ ချီးကျူး အားကျရသော သားကောင်းရတနာမျိုးဖြစ်ခဲ့ လေ၏။

အရှင်ဣန္ဒာစက္ကကို ဝမ်းနှင့်လွယ်၍ မွေး ခဲ့ရသူ မယ်တော်ကြီး ဒေါ်အေးနွဲ့မှာလည်း

www.dhammaransi.com



သားကြောင့် များစွာ ဂုဏ်တက်ခဲ့ရ၏။ အလိုလို နေရင်း မျက်နှာပွင့်နေခဲ့ရ၏။ အလှူအတန်း ပွဲလမ်းသဘင်ရှိတိုင်း 'မယ်တော်ကြီး၊ မယ်တော်ကြီး' ဟုဆိုကာ အများတကာ၏ အရေးတယူ နေရာပေးခြင်းကိုခံခဲ့ရ၏။ ထို့ကြောင့် ပစ္စည်းဥစ္စာ မချမ်းသာသော်လည်း စိတ်ချမ်းသာခဲ့၏။ အရှင်ဣန္ဒာစက္ကမှာ ငယ်စဉ်ကတည်းက စာတော်သူဖြစ်လေရာ မကြာခဏ ဆုပေးပွဲ၊ ဘွဲ့နှင်းသဘင်၊ ဂုဏ်ပြုပူဇော်ပွဲ စသည့် အခမ်းအနားများသို့ ဒေါ်အေးနွဲ့က လိုက်ပါခဲ့ရ၏။ ထိုသို့ လိုက်ပါရတိုင်းလည်း ဒေါ်အေးနွဲ့မှာ ပျော်တပြုံးပြုံး မော်မဆုံးဖြစ်ခဲ့ရ၏။ ဝမ်းမြောက်ရ၏။ ဂုဏ်ယူရ၏။ သားပဉ္စင်းအိမ်သို့ ပြန်ကြွလာတိုင်းလည်း 'သား ဘာများလိုအပ်သေးလဲ' ဟူသော စကားလုံးကို လက်သုံးပြုကာ အရိပ်တကြည့်ကြည့်နှင့် ဂရုစိုက်ခဲ့ရှာ၏။ တစ်ခါတစ်ရံ တတ်နိုင်သည်ထက် ပို၍ပင် လိုလေသေးမရှိအောင် ထောက်ပံ့ခဲ့ရှာလေ၏။

သို့သော် လောက၏သဘာဝ ပြောင်းလဲတတ်သည့်နိယာမအရ အရာရာသည် အစိုးမရခြင်း အနတ္တသဘောကိုဆောင်သည်ဖြစ်ရာ အရှင်ဣန္ဒာစက္ကသည်လည်း ထိုပြောင်းလဲခြင်း အစိုးမရခြင်းတည်းဟူသော အနတ္တပင်လယ်တွင်းသို့ စီးဝင်မျောပါသည့်နေ့တစ်နေ့သို့ ရောက်လာခဲ့လေ၏။

'အမေ သားလူထွက်တော့မယ်'

မယ်တော်ကြီး ဒေါ်အေးနွဲ့အဖို့ ရင်ကို အစူးရှ အနာကျင်စေဆုံးသောစကား။ မကြားချင်ဆုံးသောစကား။ နှလုံးသားကို ခွဲဖျက်တော့မည့် ဓားနှင့်တူသော စကား။ ဤစကားကို ကြားရလေပြီ။ သားလိမ္မာအရှင်ဣန္ဒာစက္ကကိုယ်တိုင် တရားများစွာ ဟောခဲ့သောနှုတ်မှ တရားများစွာဟောခဲ့သော အသံနှင့် ပြောကြားလာခြင်းကို နားနှင့် ဆတ်ဆတ်ကြားရလေပြီ။

'သားရယ် သာသနာ့ဘောင်မှာ ဘာများအဆင်မပြေတာ ရှိလို့လဲ၊ အမေ့ကိုပြောပါ'

'ပြေပါတယ် အမေ၊ အားလုံး ပြည့်စုံပါတယ်၊ သားမပျော်တော့လို့ပါ'

ပထမသော် ဒေါ်အေးနွဲ့သည် မိမိအား သားပဉ္စင်းက နောက်ပြောင်ကျီစယ်နေခြင်းဟု ထင်ခဲ့၏။ ထိုသို့သာလျှင်လည်း ဖြစ်စေချင်၏။ နောက်ပိုင်းတွင် အရှင်ဣန္ဒစက္က၏ အမူအယာမှာ တိုင်ပင်သည့်အဆင့်ပင် မဟုတ်တော့ဘဲ အသိပေးနေသည့်အခြေအနေသို့ ရောက်လာ

www.dhammaransi.com



လေသည်ဖြစ်ရာ မယ်တော်ကြီးသည် မတတ်သာသည့်အဆုံး ချုံးပွဲချ၍သာ ငိုကျန်ခဲ့ရရှာလေ၏။

ထို့နောက်မကြာမီ အရှင်ဣန္ဒာစက္ကသည် ခရီးတစ်ခုထွက်စရာရှိသည်ဟု အကြောင်းပြကာ မယ်တော်ကြီးထံမှ လမ်းစရိတ်တောင်း၍ ဆွေမျိုးများကို နှုတ်ဆက်ကာ ရွာမှ ထွက်သွားလေတော့၏။ တစ်လခန့်ကြာသော် မိမိလူထွက်ပြီးဖြစ်ကြောင်း အစစအရာရာ အဆင်ပြေကြောင်း စိတ်ပူစရာမလိုကြောင်းစသည်ဖြင့် အရှင်ဣန္ဒာစက္ကတစ်ဖြစ်လဲ မောင်အေးလွင်ဦးကိုယ်တိုင် ညီမဖြစ်သူ နွဲ့ဒါလီထံသို့ ဖုန်းဆက်အကြောင်းကြားလာလေ၏။ နွဲ့ဒါလီက မိခင်ကြီးကို အမျိုးမျိုးအဖုံဖုံ နှစ်သိမ့်ဖျောင်းဖျရလေ၏။

သာယာအေးရွာမှ အေးချမ်းသာယာသောအသိုက်အမြုံလေးတစ်ခု ဇာတ်သိမ်းရှာလေပြီ။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် လအနည်းငယ်ခန့်ကြာသောအခါ ရဟန်းမယ်တော်ကြီးဒေါ်အေးနွဲ့၏အိမ်သို့ လွန်စွာသားနားလိုက်ဖက်သော စုံတွဲတစ်တွဲဝင်လာလေ၏။ ထိုစုံတွဲကား အခြားမဟုတ်။ ဒေါ်အေးနွဲ့၏ သားကြီး အေးလွင်ဦးနှင့် ၎င်း၏အသစ်စက်စက် ဇနီးချောလေးတို့ဖြစ်လေ၏။

'ဦးဣန္ဒာစက္က လူထွက်ပြီး မိန်းမခိုးလာတယ်တဲ့'

ဤသတင်းထူးသည် ရွာတွင်းသို့ တမုဟုတ်ချင်း ပျံ့နှံ့သွား၏။ ရွာသူရွာသားများ ဒေါ်အေးနွဲ့ကအိမ်သို့ ဝိုင်းအုံ၍ ရောက်လာကြလေ၏။ အေးလွင်ဦးတို့ စုံတွဲကိုကြည့်၍ တစ်ယောက်တစ်ပေါက် ဝေဖန်ကြလေ၏။ တစ်ချို့က 'နှမြောစရာကောင်းလိုက်တာ ဦးဇင်းရယ်' ဟု စိတ်မကောင်းစွာ ဆိုကြ၏။ တစ်ချို့က 'ဦးဇင်းကဒီလိုနဲ့လည်း ကြည့်ကောင်းသားပဲ၊ လိုက်တယ် လိုက်တယ်' ဟု ဆိုကြ၏။ တစ်ချို့က 'ထွက်မယ့်ထွက်တော့လည်း ခုလိုငယ်တုန်းငယ်ခိုက်ထွက်တာ ကောင်းပါတယ်လေ' ဟု ဖြေတွေးတွေး၍ ပြောကြသည်လည်း ရှိ၏။ တစ်ချို့က 'ကိုယ့်ဂုဏ်ကိုယ့်သိက္ခာမှ ကိုယ်မထောက်၊ မိဘဆရာသမားနဲ့ ရွာသူရွာသားမျက်နှာကိုမငဲ့တဲ့ လူမိုက်' ဟု အပြစ်တင်ကြ၏။ တစ်ချို့ကလည်း 'ဦးဇင်းရယ် တပည့်တော်တို့က ရွာကို ဦးဇင်းပြန်လာရင် ဂုဏ်ပြုပူဇော်ပွဲလေးလုပ်၊ တရားပွဲကျင်းပပေးပြီးရင် သီရိလင်္ကာနိုင်ငံကို ပညာတော်သင်လွှတ်ဖို့ ဆရာတော်နဲ့

www.dhammaransi.com



တိုင်ပင်ပြီး ကြိုးစားနေကြတာ အခုတော့ ခဲလေသမျှ သဲရေကျ ဖြစ်ရပါပြီ'ဟု တသသနှင့် ဆိုကြ၏။ ထိုသို့ သူတစ်မျိုးငါတစ်ဖုံ ဝေဖန်ပြောဆိုနေကြသည့်အထဲတွင် အများစုမှာ အေးလွင်ဦးကို လူတစ်ယောက်အဖြစ်မမြင်နိုင်ကြသေးဘဲ တစ်ချိန်က သူတို့ကြည်ညိုလေးစားအားကျခဲ့ရသော အရှင်ဣန္ဒာစက္ကအဖြစ်သာ မြင်နေကြသေး၏။ ထို့ကြောင့်လည်း 'အရှင်ဘုရား၊ တပည့်တော်'ဟုသာ နှုတ်ကျိုးနေသည့်အတိုင်း ပြောဆိုနေကြခြင်းဖြစ်လေ၏။ မည်သို့ပင် ဆိုစေကာမူ တစ်ရွာလုံးတစ်အိမ်လုံး အုတ်အုတ်ကျက်ကျက်နှင့်ဆူညံနေကြချိန်တွင် ဘာစကား တစ်ခွန်းမျှ မပြောနိုင်ဘဲ ဆွံ့အ နေရှာသူမှာတော့ မိခင်ကြီးဒေါ်အေးနွဲ့သာလျှင် ဖြစ်၏။

အေးလွင်ဦးတို့စုံတွဲသည် ရွာဦးကျောင်းဆရာတော်ထံသို့သွားရောက်၍ ကန်တော့လေရာ ဆရာတော်က 'ငါ့တပည့် မင်းဘွဲ့ရတာမှ သိပ်မကြာသေးဘူး။ အဲဒါ မင်းအညွန့်ကျိုးတာကွ'ဟု မချိတင်ကဲလေသံကြီးနှင့် တုန်ရီစွာ မိန့်တော်မူလေ၏။ ဆရာတော်မှာလည်း ကိုယ်တိုင်ပျိုးခဲ့သည့်ပန်း ညှိုးနွမ်းသွားခြင်းကို မြင်ရသည့် ဥယျာဉ်မှူးပမာ လွန်စွာ စိတ်ထိခိုက်ရှာလေ၏။ ထို့ကြောင့်လည်း 'စီးပွားရေးအဆင်ပြေအောင်ကြိုးစား'ဟုသာ တိုတိုပြတ်ပြတ် မိန့်တော်မူလျက် မျက်နှာလွှဲနေတော်မူလေ၏။

အားလုံးသွေးအေးသွားကြသော အချိန်တွင် အေးလွင်ဦးခိုးလာသောမိန်းမ၏ မိဘများနှင့် ဆက်သွယ်၍ မင်္ဂလာကိစ္စစကားပြောရန် စီစဉ်ကြရလေ၏။ အေးလွင်ဦး၏ မိန်းမမှာ မကွေးတိုင်းဒေသကြီး၏ အစွန်ချင်းတောင်ခြေ ယောဒေသမှ ယောသူလေး ဖြစ်၏။ ယောသူလေးသည် ဖြူ၏။ နု၏။ လှ၏။ ကျောင်းဆရာမလေးတစ်ယောက်ဖြစ်သည်ဟုလည်း ဆိုလေ၏။

အမှန်အားဖြင့် ဤကဲ့သို့သော သားရေးသမီးရေး မင်္ဂလာကိစ္စများတွင် ယောဒေသယောဓလေ့သည် အောက်ပြည်အောက်ရွာများနှင့်မတူ။ တစ်မူထူးခြားလေ၏။ ထူးခြားသည်မှာ ဆန့်ကျင်ဘက်ဟု ဆိုရလောက်အောင်ပင် ထူးခြားလေ၏။ အဘယ့်ကြောင့်ဆိုသော် အောက်ပြည်အောက်ရွာများတွင် သားသမီးများအိမ်ထောင်ပြုကြပြီဆိုလျှင် ယောက်ျားလေးရှင်ဘက်က အခိုကပြုကာ နှစ်ဖက်မိဘများက ရွှေ၊ ငွေ၊ လယ်၊ ယာ၊ ကိုင်းကျွန်းစသည်ဖြင့် တတ်

www.dhammaransi.com



စွမ်းသလောက် တင်ရ၏။ ထိုတင်သမျှ ပစ္စည်းများအား သားသမီးများ၏ ဘဝရှေ့ရေးအတွက် ပေးလိုက်ကြရ၏။ ယောဒေသမှာကား ထိုသို့ မဟုတ်ပေ။ မင်္ဂလာဆောင်အတွက် တင်ငွေကို ယောကျ်ားလေးရှင်ဘက်ကသာ တင်ရ၏။ မိန်းကလေးရှင်ဘက်က တာဝန်မရှိချေ။ ယောကျ်ားလေးရှင်ဘက်က တင်သောငွေကြေးကိုလည်း သတို့သားသတို့သမီးတို့က မရ။ မိန်းကလေး မိဘများက ယူကြ၏။ ယင်းကို ယောဒေသ၌ မိဘကို ကန်တော့သည်ဟု ဆိုကြ၏။ ထိုကန်တော့ကြေးကိုလည်း မိန်းကလေး မိဘက တောင်းသလောက် ပေးကြရ၏။

သို့ဖြစ်လေရာ ဒေါ်အေးနွဲ့၊ သမီးနွဲ့ဒါလီနှင့် အေးလွင်ဦးတို့ဇနီးမောင်နှံသည် မိန်းကလေးရှင်များနှင့် လူကြီးချင်း မင်္ဂလာစကားကမ်းလှမ်းရန် ဖုန်းရှိသော သာယာအေးရွာ အုပ်ချုပ်ရေးမှူးအိမ်သို့ ချီတက်ကြရလေ၏။ ရွာထဲမှ စပ်စုလိုစိတ်ရှိကြကုန်သော မိန်းမကြီးများနှင့် ယောကျ်ားကြီးအချို့လည်း လိုက်ပါလာကြလေ၏။ အားလုံးအသင့်ဖြစ်သောအခါ အုပ်ချုပ်ရေးမှူးကတော်သည် ဖုန်းကိုစပီကာဖွင့်၍ ခေါ်ပေးလေ၏။ တူ တူ ဟူသောဖုန်းဝင်သံ၏ မရှေးမနှောင်းတွင် တစ်ဖက်မှ 'ပြောပါ'ဟူသော အမျိုးသမီးတစ်ဦး၏ တိုတိုပြတ်ပြတ်ဖုန်းဖြေသံ ပေါ်ထွက်လာလေ၏။

'ဟုတ်ကဲ့ ကျွန်မ အေးလွင်ဦးတို့အမေ ဒေါ်အေးနွဲ့ပါ ရှင်'

ဒေါ်အေးနွဲ့၏ အသံသည် နွမ်းလျအားပျော့နေလေ၏။ တစ်ဖက်မှ 'ပြောပါ ပြောပါ'ဟု တုန့်ပြန်လာလေသည်။

'အဲဒါ...ဟို ကျွန်မသားလေး ဣန္ဒာစက္ကနဲ့ အဲ..အဲ ယောင်လို့ အေးလွင်ဦးနဲ့ ဒီကသမီးလေးတို့ လူငယ်ချင်း မေတ္တာမျှအကြောင်းပါကြတဲ့ကိစ္စမှာ မိန်းကလေးမိဘများက ဘယ်လိုသဘောထားရှိသလဲဆိုတာကို ကျွန်မက ယောကျ်ားလေးရှင်အနေနဲ့ အခုလို လာပြီးကမ်းလှမ်းတာပါ'

'ဟုတ်ပါပြီ အဲဒါကို ပြောချင်နေတာပါပဲ။ ဒီဘက်ယောဓလေ့မှာ မင်္ဂလာကိစ္စနဲ့ ပတ်သက်ပြီး ယောကျ်ားလေးရှင်ဘက်ကသာ အစစအရာရာ တာဝန်ယူအကုန်အကျခံရပါတယ်။ မိန်းကလေးမိဘတွေကို ကန်တော့ရတဲ့ ဖလားငွေဆိုတာလည်း ရှိပါတယ်။ အခုဟာကလည်း ရှင်တို့က အောက်ပြည်အောက်ရွာက ဆိုပေမယ့် မိန်ကလေးဘက်ဓလေ့ကိုပဲ လိုက်ရမှာပါ။

www.dhammaransi.com

ဒီတော့ ကျွန်မတစ်ခါတည်းပဲ အပြတ်ပြောမယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မတို့ကို ကန်တော့ရမယ့် ငွေက (၁၅)သိန်း၊ ကလေးတွေမင်္ဂလာဆောင်ဖို့အတွက်က (၁၅)သိန်း၊ အားလုံးပေါင်း ငွေ သိန်း(၃၀)ယူပြီး လာခဲ့ကြပါ။ ဒါပါပဲ'။

ဝိုင်းအုံငြိမ်သက်၍ ဖုန်းနားထောင်နေကြသော ရွာသူရွာသားများသည် ဟာခနဲဟင်ခနဲ ဖြစ်သွားကြကုန်၏။

'ရှင် သိန်းသုံးဆယ် ဟုတ်လား! မများလွန်းဘူးလားရှင်။ ကျွန်မက အိုကြီးအိုမနဲ့ တစ်နေ့လုပ် တစ်နေ့စား လုပ်ကိုင်စားသောက်နေရတဲ့ တောသူ မုဆိုးမ အဘွားကြီးပါ။ သက်သက်ညှာညှာပဲလုပ်ကြပါရှင်။ ကလေးတွေလည်း စိတ်မဆင်းရဲရအောင် လူကြီးချင်းလည်း မျက်နှာမပျက်ရအောင် မိသားစုလိုသဘောထားပြီး ဆွေးနွေး တိုင်ပင်တာပါ။ ထိုက်သင့်သလို မင်္ဂလာအခမ်းအနားလေးကျင်းပပေးပြီးတော့ ကလေးတွေရှေ့ရေးအတွက် မိဘတွေက တတ်နိုင်သလောက် ထောက်ပံ့ပေးလိုက်ကြရင် မကောင်းဘူးလား။ ကျွန်မက ဒီလိုဖြစ်စေချင်တာပါ။ အခုဟာက တစ်ဖက်နဲ့တစ်ဖက် ခရီးကလည်း ဝေး။ ကျွန်မ ကျန်းမာရေးကလည်း'

'အို.... ဒါတွေဘာမှလာပြောမနေနဲ့။ ဒါတွေက မာယာတွေ ပရိယာယ်တွေ။ သိတယ်။ ရှင်တို့ မိဘတွေ မဟုတ်ဘူးလား။ မိဘဆိုတာ ကိုယ့်သားသမီးကိစ္စ ကိုယ်တာဝန်ယူရမှာပေါ့။ ငွေသိန်း(၃၀)သာ ယူလာခဲ့။ ဒီလိုမှမဟုတ်ရင် ကျွန်မတို့ သမီးကို တစ်ယောက်တည်း ပြန်လွှတ်လိုက် ဒါပဲ။ အခု ကျွန်မသမီးကို ဖုန်းပေးလိုက်စမ်း၊ သူနဲ့ ပြောမယ်။'

ဖုန်းစကားပြောခွက်သည် အေးလွင်ဦး မိန်းမလက်ထဲသို့ ရောက်သွား၏။ ဒေါ်အေးနွဲ့သည် ရင်ထဲဆို့နင့်လာကာ ခန္ဓာကိုယ်တစ်ခုလုံး ပူထူလာလေ၏။ ပါးပြင်သို့လည်း မျက်ရည်များ စီးကျလာလေ၏။ သားကြီးလင်မယားရှေ့တွင် ငိုသံထွက်မိမည်စိုးသဖြင့် လက်နှစ်ဖက်ဖြင့် ပါးစပ်ကိုပိတ်ကာ ကြိတ်၍ရှိုက်လေ၏။ မူးမိုက်လဲမသွားစေရန် နွဲ့ဒါလီက 'အမေသတိထား၊ အမေသတိထား'ဟုဆိုကာ ထိန်းထားရလေ၏။

ဖုန်းခွက်ဆီမှ စကားသံများ ထွက်ပေါ်နေဆဲ ဖြစ်သည်။

**နောက်လဆက်မည်**

**ပြည့်သခင်**

www.dhammaransi.com





# ပရမတ်အမြင် ကြည်လင်နိုင်ပါစေ

ကလျာဏမိတ္တယောဂီ

တစ်နေ့က စာရေးသူထံ မိတ်ဆွေတစ်ဦး ရောက်ရှိလာပြီး၊ 'သစ္စာဒီပက တရားရိပ်သာ' မှာ အဘိဓမ္မာဒေသနာနဲ့ မကိုက်တဲ့တရားကို ဟောတယ်လို့ ကြားရကြောင်း ပြောဆိုလာပါတယ်။ ဒီလိုပြောဆိုလာတဲ့အတွက် စာရေးသူနဲ့ အပြန်အလှန် ဆွေးနွေးဖြစ်သွားပါတယ်။ အဲဒီ ဆွေးနွေးချက်တွေကို တရားလေ့လာလိုက်စားတဲ့ ပုဂ္ဂိုလ်တွေ ဝေဖန်သုံးသပ်နိုင်ဖို့အတွက် အောက်တွင်ဖော်ပြပေးလိုက်ပါတယ်။

ဂီ။ ။ ဆိုစမ်းပါအုံး၊ ဘယ်အချက်က အဘိဓမ္မာဒေသနာနဲ့ မကိုက်တာလဲ?

ဆွေ။ ။ ဒီလိုပါ၊ သစ္စာဒီပကတရားရိပ်သာမှ ထွက်လာတဲ့ယောဂီတစ်ယောက်က အဲဒီရိပ်သာမှာ ''ပူတာအေးတာ''ကို ''ပညတ်''လို့ ဟောတယ်တဲ့၊ အဲဒီ ဟောချက်က အဘိဓမ္မာဒေသနာနဲ့ အတော်ကြီးဆန့်ကျင်မနေဘူးလား?

ဂီ။ ။ သစ္စာဒီပက တရားရိပ်သာကို ဦးစီး တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်က ဆရာကြီးဦးကြည် ပါ။ ဆရာကြီးဦးကြည်ဆိုတာ ပရမတ်ကို ထိုးထိုးထွင်းထွင်းမြင်အောင် ညွှန်ပြတဲ့နေရာမှာ သူမတူအောင် ထူးချွန်တဲ့ပုဂ္ဂိုလ်တစ်ဦးပါ၊ လက်ရှိတရားပြဆရာတော်တွေကလဲ၊ ဆရာကြီး

www.dhammaransi.com



ဦးကြည်ရဲ့ပြောကွက် ဟောကွက်အတိုင်း တစ်သွေမတိမ်း လိုက်နာပြီး၊ ဟောနေကြတဲ့ ပုဂ္ဂိုလ်တွေပါ။ ဒါကြောင့် ဘယ်လိုနည်းနဲ့မှ အဘိဓမ္မာ ဒေသနာနဲ့ ဆန့်ကျင်စရာ အကြောင်းမရှိပါဘူး။

ဆွေ။ ။ ဒီလိုဆိုရင် ဆရာကြီးဦးကြည်ရဲ့ အာဘော်ဘယ်လိုရှိတယ်ဆိုတာကို သိရအောင် ရှင်းပြပေးပါအုံး။

ဂီ။ ။ ဒီကိစ္စပြေလည်ဖို့အတွက်၊ ဆရာကြီး ဦးကြည်ရေးတဲ့ "သိတာနဲ့သိစရာ" တရားစာအုပ်ထဲက ဆရာကြီးနဲ့ဓမ္မာစရိယ ကိုယ်တော်တစ်ပါးတို့ အပြန်အလှန်ဆွေးနွေးကြတဲ့ ဆွေးနွေးချက်အချို့ကို ကောက်နုတ်ပြီးရေးပြပါမယ်။ အဲဒါကို ဖတ်ပြီးတော့မှသာ ဝေဖန်ပါလို့ မေတ္တာရပ်ခံပါရစေ။

"တပည့်တော်တို့ တရားအားထုတ်တယ်ဆိုတာ ပညတ်သိဖို့အားထုတ်တာလား၊ ပရမတ်သိဖို့အားထုတ်ထားလား?

"ပရမတ်သိဖို့ပါ"

"ပရမတ်အတွက်ဆိုရင်၊ ခက်မာတယ်၊ ပူတယ်၊ အေးတယ်ဆိုတဲ့ လောကပညတ်နဲ့ သိလို့ရပါ့မလား"

"ဟာ-တိုက်ပွဲတော့ တွေ့ရပြန်ပြီ"

"ဘာတိုက်ပွဲလဲ ဘုရား?"

"အခု ဒကာကြီး ပြောတဲ့ အထဲမှာ ခက်မာတယ်၊ ပူတယ်၊ အေးတယ်ဆိုတာ ပညတ်လို့ ဆိုသွားတယ်လို့ ဦးဇင်းကြားလိုက်မိတယ်"

"မှန်ပါတယ်၊ ပညတ်ပါပဲ"

"ခက်မာတယ်ဆိုတာ ပထဝီပဲ၊ ပူတယ် အေးတယ်ဆိုတာ တေဇောပဲ၊ ပထဝီတို့ တေဇောတို့ဆိုတာဟာ ပရမတ်မဟုတ်ဘူးလား?"

"သူတို့ရဲ့ သဘောကတော့ ပရမတ်ပါပဲ၊ ဒါကိုသိနေတဲ့ အရှင်ဘုရားရဲ့ အသိကခက်မာတယ်၊ ပူတယ်၊ အေးတယ်လို့သိနေတော့ အဲဒီအသိကိုက ပညတ်ကိုသိတဲ့ ပညတ်သိပဲ"

ကဲ- ရေးပြီးပြီ၊ ဝေဖန်ပေတော့။

ဆွေ။ ။ ဟာ-မျက်စိတောင်လည်သွားပြီ၊ အဆို ၂-မျိုးစလုံး မှန်နေတာချည်းပါလား၊ ကျုပ်က စာအသိသာရှိပြီး၊ ပဋိပတ်ကို ဟုတ်တိပတ်တိ အားထုတ်ဖူးတာမရှိတော့ မဝေဖန်ရဲဘူး။

ဂီ။ ။ ဒီလိုဆိုရင် ကျုပ်မေးမယ်၊ လောကမှာ ပူတယ်၊ အေးတယ်လို့ သိနေပြောနေတာဟာ ဘုရားပွင့်ပြီးမှ သိနေပြောနေတာလား? ဘုရားမပွင့်ခင်ကတည်းက သိနေ ပြောနေတာလား?

www.dhammaransi.com



ဆွေ။ ။ ဘုရားမပွင့်ခင်ကတည်းက သိနေပြောနေတာပါ။

ဂီ။ ။ ဒီလိုဆိုရင် အဲဒီအသိအဲဒီအပြောဟာ ပညတ်သိ ပညတ်ပြော ဖြစ်မနေဘူးလား?

ဆွေ။ ။ ဖြစ်နေပါတယ်။

ဂီ။ ။ လောကမှာ သိတယ်, မှတ်တယ်, ခံစားတယ်, စံစားတယ်လို့ သိနေပြောနေတာဟာ ဘုရားပွင့်ပြီးမှ သိနေပြောနေတာလား? ဘုရားမပွင့်ခင်ကတည်းက သိနေပြောနေတာလား?

ဆွေ။ ။ ဘုရားမပွင့်ခင်ကတည်းက သိနေပြောနေကြတာပါ။

ဂီ။ ။ ဒီလိုဆိုရင်၊ အဲဒီအသိအဲဒီအပြောဟာ ပညတ်သိ ပညတ်ပြောဖြစ်မနေဘူးလား?

ဆွေ။ ။ ဖြစ်နေပါတယ်။

ဂီ။ ။ ဒီအတိုင်းပဲ၊ ပါဠိဘာသာစကားပြောတဲ့ မဂဓလူမျိုးတွေ သိနေပြောနေတဲ့ ပထဝီ, တေဇောဆိုတဲ့ စကားလုံးတွေဟာလဲ၊ ဘုရားမပွင့်ခင်ကတည်းက ပညတ်သိ ပညတ်ပြောနဲ့ သိနေပြောနေကြတဲ့ စကားလုံးတွေပါ၊ ဒါကို လက်ခံရဲ့လား?

ဆွေ။ ။ ဟုတ်ကဲ့၊ လက်ခံပါတယ်။

ဂီ။ ။ လက်ခံရင်၊ ဆရာကြီး ဦးကြည်ပြောသလို၊ ပရမတ်သို့ ဉာဏ်ဆိုက်ဖို့အတွက် ပူတယ်, အေးတယ်, သိတယ်, မှတ်တယ်, ခံစားတယ်, စံစားတယ်ဆိုတဲ့ လောကသိ ပညတ်အမှတ်နဲ့ သိနေပြောနေလို့ ရပါ့မလား?

ဆွေ။ ။ ကျုပ် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။

ဂီ။ ။ ပဋိပတ်အလုပ်ကို ပရမတ်သို့ ဉာဏ်ဆိုက်အောင် ထိထိမိမိ တကယ်အားထုတ်ထားဖူးတဲ့သူဆိုရင်တော့ "မရဘူး" လို့ ပြောမှာပဲ၊ အခုတော့ မိတ်ဆွေက-----

ဆွေ။ ။ ဟုတ်ကဲ့ ပြောသာပြောပါ၊ အားနာစရာမလိုဘူး။

ဂီ။ ။ ဘယ်သူပဲဖြစ်ဖြစ်၊ ခန္ဓာကပြတဲ့ အာရုံတစ်ခုအပေါ် ပညတ်သိနဲ့ သိနေသမျှတော့ ကိလေသာဖြစ်နေမှာပဲ၊ ပရမတ်သိနဲ့သိမှသာ ကိလေသာကလွတ်ပါတယ်။ ဒီသဘောကို သိနိုင်အောင်လို့ ဆရာကြီးဦးကြည်က အောက်ပါအတိုင်း ဆောင်ပုဒ်လင်္ကာစီထားပါတယ်။

"အာရုံပညတ်စွဲယူမှတ်၊ ဖြစ်တတ် ကိလေသာ"

"ပရမတ်အာရုံ သိခိုက်ကြုံပြတ်ကုန်

www.dhammaransi.com

ကိလေသာ''

ဒီတော့ - ခန္ဓာကပြတဲ့ အာရုံတစ်ခုအပေါ် မိတ်ဆွေသိနေတဲ့ အသိဟာ၊ ပညတ်သိဖြစ်နေသလား ပရမတ်သိဖြစ်နေသလား သိချင်ရင်၊ အဲဒီအသိဖြစ်ချိန်မှာ ကိလေသာ ဝင်မဝင် အဲဒါနဲ့ တိုင်းတာရပါတယ်။

ဆွေ။ ။ ဟုတ်ကဲ့၊ ကျုပ်က ပူတယ်၊ အေးတယ်၊ ယားတယ်၊ ထုံတယ်၊ နာတယ်၊ ကျင်တယ်လို့ သိနေတဲ့အချိန်မှာ ကိလေသာဖြစ်နေပါတယ်။

ဂီ။ ။ မှန်ပါတယ်၊ ပူတယ်၊ အေးတယ်၊ ယားတယ်၊ ထုံတယ်၊ နာတယ်၊ ကျင်တယ် စသည်ဖြင့် ပညတ်သိနဲ့ စွဲယူနေရင်တော့၊ ငါ့ပေါင်ပူတယ်၊ ငါ့လက်အေးတယ်၊ ငါ့ခြေသလုံးထုံတယ်၊ ငါ့ပါးယားတယ်၊ ငါ့တင်ပါးနာတယ်၊ ငါ့ခြေထောက်ကျင်တယ် မခံနိုင်ဘူး ဆိုတဲ့ ကိလေသာတွေ ဝင်မှာပဲ။

ဒီလိုပါပဲ၊ သိတယ်၊ မှတ်တယ်၊ ခံစားတယ် စသည်ဖြင့် ပညတ်သိနဲ့ စွဲယူနေတဲ့အချိန်မှာလဲ၊ ငါသိတယ်၊ ငါမှတ်တယ်၊ ငါခံစားတယ်၊ ငါစံစားတယ် ဆိုပြီး ကိလေသာတွေ ဝင်မှာပါပဲ။

ဆွေ။ ။ ဒီလိုဆိုရင် ဘယ်လိုပြောမှသာ ပရမတ်ဖြစ်မလဲ?

ဂီ။ ။ ပရမတ်သိဖြစ်မဖြစ် ဆုံးဖြတ်တဲ့နေရာမှာ အသိက အဓိကပြဋ္ဌာန်းပါတယ်၊ ပိုရှင်းအောင်ပြောရရင်၊ ဘယ်လိုပြောတယ်ဆိုတာထက် ဘယ်လိုသိနေသလဲဆိုတဲ့အချက်က ပရမတ်သိဖြစ်မဖြစ်ကို ဆုံးဖြတ်ပါတယ်။

ဥပမာပြရရင်- မိတ်ဆွေတရားအားထုတ်နေတယ်ဆိုပါစို့၊ အဲဒီအချိန်မှာ ခန္ဓာကပြနေတဲ့ အာရုံတစ်ခုအပေါ်မှာ ''ပူတယ်''လို့မသိပဲ၊ ဒါဟာ သဘာဝတရားသက်သက်မျှပဲ (ဝါ) ဓမ္မသဘော သက်သက်မျှပဲလို့ အသိဖြစ်နေရင် ကိလေသာဝင်စရာအကြောင်းမရှိဘူး။

ဒီလိုပဲ ခန္ဓာကပြနေတဲ့အာရုံတစ်ခုပေါ်မှာ ''အေးတယ်''လို့ မသိပဲ၊ ဒါဟာသဘာဝတရားသက်သက်မျှပဲ(ဝါ)ဓမ္မသဘော သက်သက်မျှပဲလို့ အသိဖြစ်နေရင် ကိလေသာဝင်စရာ အကြောင်းမရှိဘူး။

ခန္ဓာပြနေတဲ့ အာရုံတစ်ခုအပေါ်မှာ ''ယားတယ်''လို့ မသိပဲ၊ ဒါဟာသဘာဝတရားသက်သက်မျှပဲ(ဝါ) ဓမ္မသဘောသက်သက်မျှပဲလို့ အသိဖြစ်နေရင် ကိလေသာဝင်စရာအကြောင်းမရှိဘူး။

www.dhammaransi.com



ခန္ဓာပြနေတဲ့ အာရုံတစ်ခုအပေါ်မှာ "ထိုတယ်"လို့ မသိပဲ၊ ဒါဟာသဘာဝတရားသက်သက်မျှပဲ(ဝါ) ဓမ္မသဘောသက်သက်မျှပဲလို့ အသိဖြစ်နေရင် ကိလေသာဝင်စရာအကြောင်း မရှိဘူး။

ဆိုလိုတာက ခန္ဓာက ဘယ်လိုအာရုံမျိုးပဲပြပြ၊ ဒါဟာ သဘာဝတရားသက်သက်မျှပဲ(ဝါ) ဓမ္မသဘောသက်သက်မျှပဲလို့ အသိရောက်နေတဲ့ အချိန်မှာ ဘာကိလေသာမှ ဝင်စရာကြောင်း မရှိဘူး၊ ဒီလို ကိလေသာမဝင်တဲ့ အသိမျိုးနဲ့ သိနေမှသာ ပရမတ်သိဖြစ်ပါတယ်။

ဆွေ။ ။ တစ်ချို့က ဖောက်ပြန်မှုသဘောလို့ ပြောကြဆိုကြတာကို ကြားဖူးပါတယ်။

ဂီ။ ။ ဒါက ခန္ဓာကပြနေတဲ့ အာရုံတွေအပေါ် ပူတယ်၊ အေးတယ်၊ ယားတယ်၊ ထုံတယ်၊ နာတယ်၊ ကျင်တယ် စသည်ဖြင့် ပညတ်သိနဲ့ မသိပဲ၊ သဘာဝတရားသက်သက်မျှပဲ(ဝါ) ဓမ္မသဘောသက်သက်မျှပဲလို့ ပရမတ်သိသိနေတာကို ရည်ညွှန်းပြီးတော့ စာသံပေသံနဲ့ ပြောလိုက်တဲ့ သဘောပါ။ ဒါမှလဲ ရုပ်ပိုင်းကို ပြောမှန်း သိမှာပေါ့၊ ဒီထက်အသေးစိပ်ပြောချင်ရင်တော့ ပူသဘော၊ အေးသဘော၊ ယားသဘော၊ ထုံသဘော၊ နာသဘော၊ ကျင်သဘောစသည်ဖြင့် ပြောလို့ရပါတယ်။

ဆွေ။ ။ ဒီလိုဆိုရင် နာမ်ပိုင်းကျတော့ကော ဘယ်လိုသိရပြောရမလဲ?

ဂီ။ ။ နာမ်ပိုင်းကျတော့လဲ ကိလေသာမဖြစ်တဲ့ အသိရောက်မှသာ ပရမတ်အသိဖြစ်ပါတယ်။ ဥပမာပြောရရင်- သိတယ်၊ မှတ်တယ်၊ ခံစားတယ်၊ စံစားတယ် စသည်ဖြင့် ပညတ်သိဖြင့် မသိပဲ၊ ဒါဟာ သဘာဝတရားသက်သက်မျှပဲ (ဝါ)ဓမ္မသဘော သက်သက်မျှပဲလို့ ပရမတ်သိနဲ့သိနေရမှာပါ။ စာသံပေသံနဲ့ပြောရင်တော့ "ညွတ်မှုသဘောပေါ့၊ ဒီထက်အသေးစိပ် ပြောချင်ရင်တော့ သိသဘော၊ မှတ်သဘော၊ ခံစားသဘော၊ စံစားသဘော စသည်ဖြင့် ပြောလို့ရပါတယ်။

အရေးကြီးတာက၊ ရုပ်ပိုင်းမှာ ပူ၊ အေး၊ ယား၊ ထုံ၊ နာ၊ ကျင် ဆိုတဲ့ စကားလုံးကို ထောက်ပြီးတော့ ပူတယ်၊ အေးတယ်၊ ယားတယ်၊ ထုံတယ်၊ နာတယ်၊ ကျင်တယ် စသည်ဖြင့် ပညတ်သိနဲ့ မစွဲယူမိဖို့ လိုအပ်သလို၊ နာမ်ပိုင်းမှာလဲ သိ၊မှတ်၊ ခံစား၊ စံစား၊ ဆိုတဲ့ စကားလုံးကို ထောက်ပြီးတော့ သိတယ်၊ မှတ်တယ်၊ ခံစားတယ်၊ စံစားတယ် စသည်ဖြင့် မစွဲယူမိဖို့ပဲ၊ တကယ်လို့ စွဲယူမိရင်တော့ ကိလေ

www.dhammaransi.com



သာဖြစ်မှာပါပဲ၊ မစွဲယူမိမှသာ ကိလေသာက လွတ်မှာပါ။

ဆွေ။ ။ ဒါကြောင့် ဆရာကြီးဦးကြည်က

``အာရုံပညတ် စွဲယူမှတ်၊ ဖြစ်တတ် ကိလေသာ''

``ပရမတ်အာရုံ သိခိုက်ကြုံ၊ ပြတ်ကုန် ကိလေသာ''လို့


ဆောင်ပုဒ်လင်္ကာစီကုံးခဲ့တာပေါ့။

ဂီ။ ။ ဒီလိုဆိုရင် ``သစ္စာဒီပက တရားရိပ်သာ''မှာ အဘိဓမ္မာဒေသနာနဲ့ မကိုက်တဲ့ တရားကိုဟောတယ်ဆိုတာ မှန်ပါ့မလား?

ဆွေ။ ။ ဟုတ်ကဲ့- မမှန်နိုင်ပါ၊ အဲဒီယောဂီ သဘောမပေါက်လို့ ပြောတာ ဖြစ်ပါလိမ့်မယ်။

စာရေးသူရဲ့ မြင်ဆရာ၊ သင်ဆရာ၊ ကြားဆရာအားလုံးနဲ့တကွ တရားစာအုပ် ဓမ္မစာပေ ရေးသားသူပုဂ္ဂိုလ်အားလုံးကို အစဉ်လေးစားကြည်ညိုလျက်-----

ကလျာဏမိတ္တယောဂီ



တမျက်နှာ(၂၈)မှအဆက်

အမြတ်တနိုး တန်ဖိုးထားသောအရာတို့နှင့်ပင် မနှိုင်းလိုပေ။


ထို့ကြောင့်လည်း အသက်ပေး၍ မြတ်နိုးတတ်သော ကျေးဇူးတရားကြီးမားလှသည့် မာတာမိခင်နှင့် အသက်နှင့် ထပ်တူစောင့်ရှောက်တတ်သော ပိတာဖခင် ကျေးဇူးရှင်တို့ကို ဤကဗျာလေးဖြင့် ကန်တော့ပန်းဆင်အပ်ပါသည်-

မိဘမေတ္တာ ပန်းရွှေကြာနှင့် ပမာနှိုင်းဆို
မနှိုင်းလိုပါ ထိုပန်း နွေမှာနွမ်းသောကြောင့်။

မိဘမေတ္တာ စမ်းရေပြာနှင့် ပမာနှိုင်းဆို
မနှိုင်းလိုပါ ထိုစမ်း နွေမှာခန်းသောကြောင့်။

မိဘမေတ္တာ လစန္ဒာနှင့် ပမာနှိုင်းဆို
မနှိုင်းလိုပါ ထိုလ တိမ်ဖုံးမသာသောကြောင့်။

ရွှေဝင်း(မြန်မာစာ)



www.dhammaransi.com



# ရင်နှစ်သည်းခြာ အလိမ္မာကလျာ

## ညီညွတ်ခြင်း

ဖူးပွင့်ဝေ

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ကဲတပည့်တို့ကို ဆရာမအရင်အပတ်တွေက ခေါင်းဆောင်ကောင်းတွေရဲ့ အောင်မြင်သော စည်းရုံးမှုတွေကို ပြောပြီးပြီကွဲ့၊ ဒီနေ့မှာတော့ စည်းလုံးညီညွတ်မှုရှိသဖြင့် အောင်မြင်မှုရရှိပုံ၊ စည်းလုံးညီညွတ်မှုမရှိသဖြင့် ပျက်စီးဆုံးရှုံးမှုတွေဖြစ်တတ်တယ်ဆိုတာကို ပြောပြပေးမယ်ကွဲ့။

"ဟုတ်ကဲ့ပါဆရာမ"

ညီညွတ်ခြင်းဆိုတာကတော့ကွယ် လူသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ညီညွတ်စွာပေါင်းသင်းနေထိုင်ရေးဖြစ်တယ်ကွဲ့၊ ဤကမ္ဘာလောကကြီး၌ လူသားအချင်းချင်း ညီညွတ်စွာပေါင်းသင်းဆက်ဆံနေထိုင်ရေးသည် အဓိကဖြစ်ပြီး ညီညွတ်စွာ ပေါင်းသင်းဆက်ဆံ နေနိုင်ပါမှ တစ်ဦးချင်းသော်လည်းကောင်း၊ တစ်နိုင်ငံလုံးသော်လည်းကောင်း ကြီးပွားတိုးတက်နိုင်မှာဖြစ်တယ်ကွဲ့၊

"သဘောပေါက်ရဲ့လား"

"သဘောပေါက်ပါတယ် ဆရာမ"

ညီညွတ်ခြင်း(၃)မျိုးရှိတယ်ကွဲ့၊ အဲဒါကို တပည့်တို့သိကြရဲ့လားကွဲ့။

"မသိပါဘူးဆရာမ"

အေးမသိရင် ဆရာမ ပြောပြမယ်ကွဲ့၊ သေသေချာချာ နားထောင်ကြနော်၊ အဲဒါတွေကတော့ကွယ် (၁) မိမိပါတီနိုင်ငံသားအချင်း

www.dhammaransi.com



ချင်း ညီညွတ်ခြင်း၊ (၂) မိမိတို့၏ဝါဒအယူအဆ အတွေးအခေါ် ညီညွတ်ခြင်း၊ (၃) ကွယ်လွန်ခဲ့ပြီးသော တိုင်းပြည်ခေါင်းဆောင်တို့၏ ညီညွတ်မှုရှိသည်ကို အစဉ်သတိပြုမိခြင်းတို့ဖြစ်တယ်ကွဲ့။

ဂင်္ဂါ၊ ဝါဠူ၊ သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့က သူတစ်လူ၊ ငါတစ်မင်း အချင်းချင်းငြင်းခုံ၊ ခိုက်ရန်ဖြစ်ခြင်းကို ကြောက်ဖွယ်ကောင်းလှသော ဘေးကြီးအဖြစ် ရှုမြင်၍လည်းကောင်း၊ အချင်းချင်းငြင်းခုံခိုက်ရန်မဖြစ်ဘဲ ညီညွတ်ခြင်းကိုဘေးရန်ကင်းကွာအေးချမ်းသာယာလှပေ၏ဟု မြင်၍လည်းကောင်း ကိုယ်ရောစိတ်ပါညီညီညွတ်ညွတ်နေကြကုန်လော့၊ သာယာချမ်းမြေ့သောစကားကို ပြောကြကုန်လော့ဟု ညီညွတ်ရေးအဆုံးအမများကို ဟောတော်မူခဲ့တယ်ကွဲ့။

စည်းလုံးညီညွတ်ခြင်းဖြင့် အောင်မြင်မှုရရှိပုံ၊ စည်းလုံးညီညွတ်မှုမရှိသဖြင့် ပျက်စီးဆုံးရှုံးပုံတွေကို မြတ်စွာဘုရားဟောကြားထားတဲ့ ငုံးမင်းဇာတ်သာဓကလေးတွေကို ဆရာမ ပြောပြမယ်ကွဲ့။

"ဟုတ်ကဲ့ပါဆရာမ"

အေးအဲဒါကတော့ကွယ် ရှေးအခါက မုဆိုးတစ်ဦးဟာ ငုံးငှက်များကျက်စားရာအရပ်သို့ သွားရောက်ကာ ငုံးငှက်၏အသံကဲ့သို့ မြည်တွန်ပြသတဲ့ကွယ်၊ ငုံးငှက်တွေဟာ သူတို့ငှက်အချင်းချင်းတွေရဲ့ အသံထင်ပြီး ငုံးငှက်များစွာရောက်လာကြတယ်ကွဲ့၊ အဲဒီအခါမှာ ငှက်မုဆိုးက ပိုက်ကွန်ကိုပစ်၍ ငုံးငှက်အပေါင်းကို ဖမ်းယူလေ့ရှိသတဲ့ကွဲ့၊ ဒီအဖြစ်အပျက်ကို တွေ့မြင်ရတဲ့ ခေါင်းဆောင်ငုံးမင်းဟာ ငုံးငှက်အပေါင်းကို စုဝေးစေပြီး ဤမုဆိုးသည် ငါတို့၏ ဆွေမျိုးငုံးငှက်အပေါင်းကို အကြိမ်ကြိမ်ပျက်စီးစေခဲ့သည်။

ဤငှက်မုဆိုးကြီးငါတို့ကို မဖမ်းယူနိုင်မည့် နည်းလမ်းကောင်းတစ်ခုကို ငါစဉ်းစားမိတယ်၊ ငှက်မုဆိုးကြီးငါတို့ကို မဖမ်းယူနိုင်ရန် ငါတို့အပေါ်သို့ ပိုက်ကွန်ပစ်ချလျှင် တစ်ပေါက်စီ၌ ဦးခေါင်းကိုစွပ်ထားကြပြီး တစ်ညီတစ်ညွတ်တည်း ပိုက်ကွန်ကိုမချီလျက် အလိုရှိရာ အရပ်သို့သွားကြမယ်၊ ပြီးတော့ ဆူးချုံတစ်ခုပေါ်မှာ ပိုက်ကွန်ကို ပစ်ချမယ်ကွဲ့၊ အဲဒီလို ပစ်ချပြီး ငါတို့သည်ပိုက်ကွန်မှ ထွက်ကာ အလိုရှိရာသို့ ပျံသွားကြမယ်လို့ပြောဆိုပြီး အကြံပြုပြောပြ

www.dhammaransi.com



တယ်။ ငုံးငှက်အပေါင်းဟာ သဘောတူကြပြီး နောက်တစ်နေ့၌ ငှက်မုဆိုးပိုက်ကွန်ပစ်ချသော် ခေါင်းဆောင်ပြောသည့်အတိုင်း ညီညီညွတ်ညွတ် ပြုလုပ်ကြသဖြင့် အားလုံးပိုက်ကွန်မှ လွတ်ပြီး ချမ်းသာရာရကြတယ်ကွဲ့။

အေးအဲဒါကြောင့် စည်းလုံးညီညွတ်မှုရှိလျှင် အောင်မြင်မှုရရှိပြီး ငုံးငှက်အပေါင်းဟာ အသက်ချမ်းသာရာရခဲ့ကြတယ်ကွဲ့၊ တို့တစ်တွေ၊ တို့နိုင်ငံသူ၊ နိုင်ငံသားတွေလည်း အဲဒီလို စည်းလုံးညီညွတ်ကြတယ်ဆိုရင် မကောင်းဘူးလားကွယ်။

"ကောင်းပါတယ်ဆရာမ"

လောကမှာ စည်းလုံးညီညွတ်မှုရှိတဲ့ နိုင်ငံနှင့်လူမျိုးဟာ ကြီးပွားချမ်းသာတဲ့လူမျိုးနိုင်ငံ ဖြစ်ကြတယ်ကွဲ့၊ အဲဒါကို အချင်းချင်းစည်းလုံးညီညွတ်စွာနေထိုင်ကြရန် အဆူဆူသောဘုရားရှင်တို့က ချီးမွမ်းတော်မူတယ်ကွဲ့။

အေးနောက်တစ်ခါစည်းလုံးညီညွတ်မှု မရှိလို့ ပြိုကွဲရတာကို ငုံးငှက်ဥပမာနဲ့ထပ်ပြောပြမယ်ကွဲ့၊ ပထမအကြိမ်မှာ ငုံးငှက်ခေါင်းဆောင်ကြီးရဲ့စကားကိုနားထောင်လို့ မုဆိုးလက်ကလွတ်ပြီး အသက်ချမ်းသာရာရခဲ့တယ်ကွဲ့၊ နောင်တွင်တစ်ကောင်ပေါ်တစ်ကောင်နင်းမိကြရာ အငြင်းအခုံဖြစ်၊ ရန်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိသဖြင့် ပြိုကွဲခဲ့ရပြီး မုဆိုး၏ပိုက်ကွန်ကို ညီညွတ်စွာမရုန်းကြသဖြင့် မုဆိုး၏လက်တွင် အသက်သေဆုံးပျက်ဆီးကြရတယ်ကွဲ့။

အေးယခုဆရာမတို့နိုင်ငံမှာ တိုင်းရင်းသားအချင်းချင်းစည်းလုံးညီညွတ်မှုမရှိကြလို့ တစ်ဦးနှင့်တစ်ဦးရန်လိုတိုက်ခိုက်နေကြလို့ တို့နိုင်ငံမအေးချမ်းမသာယာ၊ ဖွံ့ဖြိုးတိုးတက်မှုလဲ မရှိဖြစ်နေတာ မင်းတို့အမြင်ဘဲကွဲ့၊ အဲဒါကြောင့် သားတို့သမီးတို့တွေက ငုံးငှက်ဥပမာလေးလိုပဲ အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်ကြရမယ်ကွဲ့၊ ငုံးတွေရန်ဖြစ်သလို အချင်းချင်းမညီညွတ်ကြရင် ပျက်စီးရတတ်တယ်ကွဲ့၊ အဲဒါကို သားတို့သမီးတို့က အလေးအနက်မှတ်သားရမယ်ကွဲ့၊ ကဲဒီနေ့တော့ ဒီလောက်နဲ့ဘဲ အတန်းနားကြစို့။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါတပည့်တို့"

**စုးဖွင့်စေ**

# ချမ်းမြေ့ပြည့်စုံသောဘဝ

# Perfect Way of Living

ဦးအောင်သိန်းညွန့်
U Aung Thein Nyunt

## နိဗ္ဗာန်

**Nibbāna**

**"နိဗ္ဗာန်"** ဟူသည် ဒေသနာတော်စကားအရ **"အရဟတ္တဖိုလ်ချမ်းသာ"** ဖြစ်သည်၊ ဗုဒ္ဓဘာသာတို့၏ အန္တိမရည်မှန်းချက်ပန်းတိုင်ဖြစ်သည်၊ ပညာရှိအမျိုးမျိုးက ယောဂီတို့အတွက် နိဗ္ဗာန်ရလိုဆန္ဒ ပြင်းပြထက်သန်စိမ့်သောငှါ နိဗ္ဗာန်အကြောင်းကို နည်းအမျိုးမျိုးဖြင့် ရေးသားဟောကြပါသည်။

According to the texual meaning, 'Nibbāna' is blissful peace of Arahattaphala. Nibbāna is the ultimate goal of Buddhists. Different Buddhist scholars explain 'Nibbāna' in different ways in order to make Buddhist yogis willing to experience the Blissful Peace of Nibbāna.

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော အသင်္ခတ တရားဖြစ်သည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သာလျှင် ခံစားနိုင်သော ဓမ္မသဘာဝဖြစ်သည်၊ လောကီဉာဏ်မျှဖြင့် ပြည့်ပြည့်စုံစုံ သိနိုင်သော အရာမဟုတ်။

Nibbāna is 'the unconditioned-Asaṅkhata', direct object of Maggaphalañāṇa; it is a dhamma-nature fully realized only by the wisdom of Path and Fruition-Maggaphalañāṇa, not by mere worldly knowledge.

အများအကြိုက်ဖြစ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့်စိတ်ကူး စိတ်သန်းကို မမြဲ၊ ဆင်းရဲ၊ အစိုးမရ ဟူသော မူလသဘာဝ ပကတိအတိုင်း ထိုးထွင်းသိမြင်ခံစားနိုင်မှသာ နိဗ္ဗာန်ကို အနုမာနမှန်းဆဉာဏ်ဖြင့် နားလည်သလိုလိုရှိနိုင်၏။ စွန်းလွန်းဆရာတော်ဘုရားကြီးက နိဗ္ဗာန်ကိုသိရှိနားလည်လိုလျှင်

www.dhammaransi.com



(အပျက်သဘောဖြစ်သော) ဘင်္ဂစွန်းကို မြင်အောင်ကြည့်ဟု ဟောတော်မူခဲ့သည်။

Majority of the people like objects of sensual pleasures such as form, sound, smell, taste, touch and imagnation and do not see their intrinsic nature-impermanence- **anicca,** suffering- **dukkha** and no-substance or uncontrollableness- **anatta;** only when we can deeply penetrate into their intrinsic nature and realize what really is, can we guess the blissful peace of Nibbāna, Venerable Sun Lun Sayadaw, a meditation master, points out that if a person would like to know about Nibbāna, he should see into the disappearing ends of material and mental phenomena which are at every moment arising and passing away.

မချိမဆံ့ ရောဂါခံစားနေရသူတစ်ဦးတွင် ရုတ်တရက်ရောဂါပျောက်သွားသည့်အခိုက် ချမ်းသာမှုတစ်မျိုး ခံစားရတတ်၏၊ မင်း၏ကြီးမားသော ကြွေးမြီးကို ပြန်လည်မပေးဆပ်နိုင်သူတစ်ဦးအား ထိုကြွေးကို မင်းကလျှော်ပစ်လိုက်သည့်အခါ ထိုကြွေးကြောင့်ဖြစ်ရသော ပူပင်သောကများ ငြိမ်းအေးသွားရ၏။ နေအိမ်မှပြင်ပသို့ ခရီးထွက်ခွါသည့်ကာလအတွင်း မိသားစုများဆုံးပါးပျက်စီးကြောင်း ကြားသိရသောကြောင့် မိမိနေအိမ်သို့ အမောတကောပြန်လာရာအိမ်၌ ၎င်းတို့ကို ကျန်းမာရွှင်လန်းစွာတွေ့မြင်လိုက်ရသည့်အခိုက် ခရီးတစ်လျှောက်လုံး စူးနစ်ခံစားခဲ့ရသည့် အပူလုံးကြီး ငြိမ်းအေးသွား၏၊ ဖော်ပြပါငြိမ်းအေးချမ်းသာမှုများကား နေ့စဉ်ကြုံတွေ့နေကျဖြစ်သော မြင်ကြားနံစားထိကြံ ချမ်းသာမျိုးနှင့် လုံးဝမတူချေ။

A person who is seriously ill beyond endurance suddenly releases from painful feeling and feels a certain sort of pleasant sensation; a person who is unable to repay government's debt releases from unhappy sensation due to the debt when it is unexpectedy written off by the government; A person on a certain journey returns home in great haste beacuse he is informed that all his family members are dead but when he gets home he surprisingly sees all of them happy and peaceful and at the same moment releases from grief he has heavily suffered along through his journey: the above-mentioned pleasant feelings are not the same as

www.dhammaransi.com

those of daily common experience arisen out of seeing, hearing, smelling, flavouring, touching and imagination.

လျှာအရသာကို မျက်စိဖြင့် ခံစားရန်မဖြစ်နိုင်၊ နားအရသာကို နှာခေါင်းဖြင့် ခံစားရန်မဖြစ်နိုင်၊ "**ဘာဝနာမယဉာဏ်**"အရာကို "**သုတမယဉာဏ်**"၊ **စိန္တာမယဉာဏ်**"တို့ဖြင့် မသိနိုင်ချေ။

The taste of tongue cannot be known by eyes; the sensation of ears cannot be known by nose; the aspect of Bhāvanāmaya Ñāṇa- the knowledge arisen out of repeated contemplation, cannot be fully discerned by "Sutamaya Ñāṇa" and Cintāmaya Ñāṇa- common knowledge and analytical knowledge.

"တရားရှာ ကိုယ်မှာတွေ့"ဟု အဆိုရှိ၏။

There is a maxim: "If you want to know the dhamma, try to know your body, a mixture of mental and physical phenomena.

"**အသင်္ခတနိဗ္ဗာန်**"ကို မြင်လိုလျှင် "**သင်္ခတရုပ်နာမ်**"ကို စိစစ်ဆင်ခြင်ရ၏။

If you want to realize "the Unconditioned Nibbāna" try to discern "the Conditioned phenomena of mentality and materiality."


သင်္ခတရုပ်နာမ်ကို သူ့သဘာဝအရှိအတိုင်း ထွင်းဖောက်သိမြင်မှသာ အသင်္ခတနိဗ္ဗာန်ကို သိမြင်ခံစားနိုင်၏။

Only when fully penetrated "the Conditioned things" as they really are, may you realize "the Unconditioned Nibbāna."

အပြောမျှဖြင့် နိဗ္ဗာန်ကို နားမလည်နိုင်၊ အလုပ်ဖြင့်သာ နိဗ္ဗာန်ကို သိမြင်ခံစားနိုင်ပါ၏။

'Nibbāna' cannot be realized by mere talking but it can be discerned only by doing.

**ဦးအောင်သိန်းညွန့်**
**U Aung Thein Nyunt**



www.dhammaransi.com



# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

**သာသနာရေးဝန်ကြီးဌာနသို့ စေတနာရှင်၊ ရဟန်းရှင်လူပြည်သူအပေါင်းတို့က လာရောက်လှူဒါန်းခဲ့ကြသည့် ဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများကို စေတုတ္တရာမြို့နယ်ရှိ ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းကြီးကျောင်း ၁၁၈-ကျောင်းသို့ပြန်လည်လှူဒါန်းခြင်း**



မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်အတွင်း ရေကြီးရေလျှံမှုဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈-ကျောင်း၊ သီလရှင်ကျောင်း ၇-ကျောင်းတို့မှ ဆရာတော် သံဃာတော်နှင့်သီလရှင်များအတွက် သာသနာရေးဝန်ကြီးဌာနမှ တစ်ဆင့်လှူဒါန်းသည့် ဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာနှင့် ရဟန်း၊ သီလရှင်အသုံးအဆောင် ပစ္စည်းပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ(၁၂)ရက်က စေတုတ္တရာမြို့၊ အမှတ်(၂)ရပ်ကွက်ရှိ ရိပ်သာဓမ္မာရုံ၌ ကျင်းပခဲ့ရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြကန်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမင်္ဂလအမှူးပြုသော ဆရာတော်သံဃာတော်များနှင့် ရေကြီးရေလျှံခံရသည့် ဘုန်းကြီး ကျောင်း ၁၁၈-ကျောင်း၊ သီလရှင်ကျောင်း(၇)ကျောင်းတို့မှ သံဃာတော်များနှင့်သီလရှင်များ ကြွရောက်တော်မူကြပါသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်မှတာဝန်ရှိသူများ၊ စေတုတ္တရာမြို့နယ် မှ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြပါသည်။

www.dhammaransi.com

ထို့နောက် ရေဝင်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်းများဖြစ်သော ခြင်ပြင်ကိုင်ကျောင်း၊ ပွင့်တောက်ကျောင်း၊ ငလဲကျောင်းတို့အား ပြန်လည်ပြုပြင်ရန်အတွက် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းလျှင် အလှူတော်ငွေကျပ် သိန်း(၂၀)ဖြင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းအတွက် ငွေကျပ် သိန်း(၆၀)ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပေးအပ်လှူဒါန်းရာ ဆရာတော်များကိုယ်စား စေတုတ္တရာမြို့နယ်အုပ်ချုပ်ရေးမှူးမှ လက်ခံရယူပါသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက သာသနာရေးဆိုင်ရာများလျှောက်ထားရာ မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းပေးရန် ဝတ္ထုငွေ၊ ဆွမ်းဆန်တော်၊ သပိတ်၊ သင်္ကန်း၊ ပရိက္ခရာ၊ ဆေးမျိုးစုံနှင့် အသုံးအဆောင်ပစ္စည်းများကို စေတနာရှင်၊ ရဟန်းရှင်လူအပေါင်းက သာသနာရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းခဲ့ပြီး တပည့်တော်တို့သာသနာရေးဝန်ကြီးဌာနက စုစည်း၍ ရေကြီးရေလျှံမှု ဒဏ်ခံရသည့် ဒေသများသို့ လှည့်လည် လှူဒါန်းလျက်ရှိရာ စေတုတ္တရာမြို့နယ်ရှိ ရေဝင်ပျက်စီးသော ဘုန်းတော်ကြီးကျောင်း ၁၇-ကျောင်းနှင့် သီလရှင်ကျောင်း (၇)ကျောင်းနှင့် ရေကြီးရေလျှံဒဏ်မခံရသော်လည်း ရေကြီးဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းတို့မှ ရဟန်းသာမဏေ၊ သီလရှင်များနှင့် စေတုတ္တရာမြို့နယ်အတွင်းရေဘေးဒဏ်ခံရသော ဒေသခံပြည်သူများကို ရေဘေးကယ်ဆယ်ရေး စခန်းဖွင့်၍ နားခိုရာ နေရာပေးခြင်း၊ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့သော ဘုန်းတော်ကြီးကျောင်း ၉၈ ကျောင်းသို့ လာရောက် လှူဒါန်းခြင်းဖြစ်ပါကြောင်း-

အထူးသဖြင့် ဆရာတော်သံဃာတော်များက ရေလွတ်ရာကျောင်းကန်၊ သာသနိကအဆောက်အအုံများ၌ နားခိုခွင့်ပြုပေးကြသကဲ့သို့ ထိုရပ်နီးရပ်ဝေးသံဃာတော်များကလည်း အလျှဉ်းသင့်ရာဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုများကို စုစည်း၍ ကိုယ်တိုင်ကြွရောက်လှူဒါန်းခြင်းကို မြင်ရ၊ ကြားရ၊ သိရသဖြင့် အင်မတန်ဝမ်းမြောက်သာဓုခေါ်စရာ ဖြစ်ပါကြောင်း လျှောက်ထားခဲ့ပါသည်။

စေတုတ္တရာမြို့နယ်အတွင်းရှိ ရေကြီး၊ ရေလျှံဒဏ်ခံရသည့် ဘုန်းတော်ကြီးကျောင်း ၁၁၈-ကျောင်း၊ သီလရှင်ကျောင်း ၇-ကျောင်းအတွက် လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများမှာ ဆန် ၁၂၅-အိတ်၊ ဆီ ၁၂၅-ပိဿာ၊ သင်္ကန်း ၂၆၉-စုံ၊ သီလရှင်ဝတ်စုံ ၃၆-စုံ၊ ထီး ၃၀၅-ချောင်း၊ ဖိနပ် ၂၆၉-ရန်၊ သပိတ် ၂၆၉-လုံး၊ စတီးဇွန်း ၁၂၅-ဒါဇင်၊ စတီးချိုင့်(သုံးဆင့်) ၁၃၀-လုံး၊ လှူဖွယ်ခြင်း ၁၀-ခြင်း၊ ဆား ၁၂၅-ပိဿာ၊ ဆွမ်းဟင်းခွက် ၂၆၉-လုံး၊ ဆေးမျိုးစုံ ၁၂၇-ထုပ်၊ နဝကမ္မအလှူငွေကျပ်သိန်း ၁၀၀ ဖြစ်ကြောင်း သတင်းရရှိပါသည်။

www.dhammaransi.com



## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

**No** **Name of Book**

၁. ဗုဒ္ဓဘာသာကောင်းတစ်ယောက်
၂. သဒ္ဓမ္မဇောတိကပဌာန်း
၃. သဒ္ဓမ္မဇောတိက အဘိဓမ္မာ
၄. သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ်
၅. ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ
၆. ကပ္ပိယကောင်းတစ်ယောက်
၇. အလှူဒါနအမျိုးမျိုး
၈. သီလ(သို့) ကိုယ်ကျင့်တရား
၉. ဂုဏ်တော်(မြန်မာ)
၁၀. အမရပူရ
၁၁. သာသနာပြုအခြေခံကိုယ်ကျင့်တရား
၁၂. ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော်
၁၃. ဘဝတန်ဖိုးမြှင့်ဩဝါဒကထာ
၁၄. အလိမ္မာပျိုးခင်း
၁၅. အမျိုးသားယဉ်ကျေးမှု
၁၆. ပေစာကျမ်းလာ မြန်မာ့ဆေးပညာ
၁၇. သပ္ပုရိသဝတ်ရွတ်စဉ်
၁၈. ဗုဒ္ဓနှင့် ဗြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု
၁၉. ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း
၂၀. ဗုဒ္ဓဂေါတမနှင့် ကောသလမင်းတို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း

www.dhammaransi.com

## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| 1. | How to Live As a Good Buddhist Vol.I |
| 2. | How to Live As a Good Buddhist Vol.II |
| 3. | Teaching of the Buddha(Higher Vol.I) |
| 4. | Teaching of the Buddha (Higher Vol.II) |
| 5. | Ekaka Duka |
| 6. | Dhammapada (Thick) |
| 7. | Dhammapada (Thin) |
| 8. | Intro Dhammasaṅgaṇī |
| 9. | Dhammasaṅgaṇī |
| 10. | Mahāsatipaṭṭhāna |
| 11. | Mahāvagga saṁyutta |
| 12. | Uparipaṇṇāsa |
| 13. | Nidāna Saṁyutta |
| 14. | Khandhvagga Saṁyutta |
| 15. | The Nine Attributes of the Buddha |
| 16. | ပိဋကတ်သုံးပုံ CD ချပ် |
| 17. | Buddhism Hand Book |
| 18. | Pārājika Pāḷi |
| 19. | Mūlapaṇṇāsa |
| 20. | Basic Principle |

www.dhammaransi.com

ACA

ပညာရိပ်ငြိမ်

Since 1983

# ကိုယ်ပိုင်အထက်တန်းကျောင်း

မှတ်ပုံတင်အမှတ်-ကက-၁၃/၁၂/၀၀၉

http://www.aca-educentre.com




ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ၈/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့ မြောက်ဥက္ကလာပမြို့။

Ph : 691123, 691979, 09 73242687, 09 5057071, 09 73019477